မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၁၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကျောင်းသားကျောင်းသူများ အခြေခံပညာနှင့် အဆင့်မြင့်ပညာ ချိတ်ဆက်သင်ယူနိုင်ရေး ဝါယမစိုက်ထုတ် စာပေပညာ သင်ကြားပို့ချ ပေးမှုသက်သက်သာမက အရည်အသွေးပိုင်း မြင့်မားလာစေရေးအောင်မြှင့်တင်ပေး

အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာသည်အထိ ကိုယ်တွေ့အတွေ့အကြုံများနှင့်ယှဉ်တွဲပြုစုပျိုးထောင် ပညာရည်မြင့်မားရေးနှင့် သင်ကြားမှု သင်ယူမှုမြှင့်တင်ရေး ပညာရေးလောက၏ အဓိကတာဝန်အဖြစ်ခံယူ

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရှိ နဝရတ်ခန်းမ၌ ကျင်းပသည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၆၁) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၆၁) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာရည်အရည်အသွေးမြင့်မားသည့် မျိုးဆက်သစ်များသည် ပိုမိုတိုးတက်ကောင်းမွန်သည့် လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး ရည်မှန်းချက်များ အောင်မြင်အကောင်အထည်ပေါ်အောင် ဖန်တီးဖော်ဆောင်ပေးကြမည့် အဓိကအရင်းအမြစ် စွမ်းအားစုများပင်ဖြစ်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

8-5 (01) 1 5/7/07, 12:23 PM

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၈ ရက်)

မွန်မြတ်သော ကြက်ခြေနီလုပ်ငန်းစဉ်များ အောင်မြင်ရေး လက်တွဲညီညီ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

၂၀၀၇ ခုနှစ် မေလ ၈ ရက် **(ယနေ့)** သည် ကမ္ဘာ့ကြက်ခြေနီနေ့ ဖြစ်သည်။

ကြက်ခြေနီ၏ လှုပ်ရှားမှုများသည် လူမှုကရုဏာအားဖြင့် စာနာခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်စွာဆောင်ရွက်ခြင်း၊ စေတနာဖြင့်အကျိုးဆောင်ခြင်း၊ တစ်ခုတည်းသော စည်းလုံးညီညွတ်ခြင်းတို့ဖြင့် ကမ္ဘာတစ်ဝန်း လွှမ်းခြုံလျက်ရှိသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဘေးဒုက္ခ ကယ်ဆယ်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့သည်။

၁၉၃၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက အမျိုးသားအသင်း တစ်သင်းအဖြစ် အသိအမှတ်ပြုခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အသင်းဝင်ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် **“ဆင်းရဲဒုက္ခ နည်းပါးစေရန်”** ဟူသော ရည်ရွယ်ချက်ဖြင့် ကျန်းမာရေး မြှင့်တင်ခြင်း၊ ရောဂါဘေး ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် ဘေးဒုက္ခကျရောက်သူများအား ကူညီခြင်းဆိုသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာ အမျိုးသားကြက်ခြေနီအသင်းများနည်းတူ နိုင်ငံအတွင်း လူမှုကရုဏာလုပ်ငန်းများကို နိုင်ငံတော်၏ အရန်အင်အားအဖြစ်ရပ်တည်၍ ဘေးဒုက္ခပေါ်လာသည့်အခါတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်းကာ တိုင်းရင်းသားပြည်သူများ၏ လူမှုကျန်းမာ လုပ်ငန်းများကို လုပ်ဆောင်ပေးလျက် ရှိသည်။

သို့ဖြစ်ရာ **“လူမှုကရုဏာစာနာရေး၊ ဝိုင်းဝန်းလက်တွဲဖော်ဆောင်ပေး”** ဆောင်ပုဒ်နှင့်အညီ လူမျိုး၊ ဘာသာ၊ အဆင့်အတန်း၊ ရန်သူမိတ်ဆွေမခွဲခြားဘဲ လူသားချင်းစာနာစိတ်ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ကြက်ခြေနီ စေတနာလုပ်အားရှင်များ၏ မွန်မြတ်သော လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူများက လက်တွဲညီညီ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဇ္ဈိမ ဒေသရှိ ဗုဒ္ဓဂယာ မြေမြတ် မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာ ရဟန်းများ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်းတာမွေမြို့နယ် ကျောက်မြောင်းလမ်းအမှတ် (၁၀) ၅ လွှာနေ နှစ်ဖက်မိဘများနှင့် ဦးကိုကိုလေး ခုနစ်နှစ်ပြည့်အား ရည်စူးလျက် ဇနီး ဒေါ်သန်းသန်းနှင့် မိသားစုက ကျောင်းအလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အကျိုးတော်ဆောင် ဒေါ်ကေသက်မော်က လက်ခံရယူပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

စီမံကိန်းများ လျာထားချက်နှင့်အညီ အကောင်အထည်ဖော် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်း

စက်ပစ္စည်းများ စနစ်တကျ စစ်ဆေးလက်ခံ

နေပြည်တော် မေ ၇

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မေ၅ရက် နံနက်ပိုင်းက ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေ စီမံကိန်းအစည်းအဝေးခန်းမ၌ စီမံကိန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအား သတ်မှတ် လျာထားချက်နှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွား ကြရန် လိုအပ်ကြောင်း၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သင်္ဘောတင်ပို့ ရောက်ရှိလာသည့် စက်ပစ္စည်းများအား စနစ်တကျ စစ်ဆေးလက်ခံပြီး စာရင်းဇယားများ ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်း၊ စက်တပ်ဆင်ရေးအပိုင်းအတွက် Tech nician Group ဖွဲ့စည်းထားရန်နှင့် လိုအပ်သော ကြိုတင်လေ့လာပြင်ဆင်မှုများ ပြုလုပ်ထားရှိရန် လိုအပ်ကြောင်း၊ စက်ရုံအတွက် လိုအပ်မည့် လျှပ်စစ်ဓာတ်အားနှင့် ရေရရှိရေးတို့ကို အချိန်မီ ပြီးစီးစေရန် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတာဝန်ခံလုပ်ဆောင်ရမည့် လုပ်ငန်းများအောင်မြင်ရန်အတွက် တက်ကြွစွာဖြင့် သတ်မှတ် Procedure များအတိုင်း အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်းတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မင်းက စီမံကိန်းများအတွက် ဘဏ္ဍာငွေရရှိမှု၊ စီမံကိန်းရည်မှန်းချက်များနှင့် စာချုပ်ပါအချက်အလက်များ၊ စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းများ၊ လျှပ်စစ်နှင့် ရေရရှိရေးလုပ်ငန်းများ၊ စက်ပစ္စည်းများ စစ်ဆေးလက်ခံ ထိန်းသိမ်းရေးလုပ်ငန်းများ၊ စက်တပ်ဆင်ရေး လုပ်ငန်းများနှင့် စမ်းသပ် လည်ပတ်ထုတ်လုပ်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ဆက်လက်ပြီးဝန်ကြီးက လက်တွေ့ ဆောင်ရွက်ရမည့် အဆောက်အအုံ၊လမ်း နှင့်ရေ၊ မီးများကို အမြန်ဆုံးပြီးပြတ်အောင်ဆောင်ရွက်ရေး၊ သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားကြရေး၊ လိုအပ်ပါက လုပ်ငန်းများနှင့် အခြားစက်ရုံများမှ ကျွမ်းကျင်ပညာရှင်များ တွဲဖက်ထားရှိရေး၊ ဝယ်ယူရမည့် ပစ္စည်းများကို သတ်မှတ်လုပ်ထုံး လုပ်နည်းများနှင့်အညီ ဝယ်ယူ ဖြည့်တင်းထားရှိရေး၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေးနှင့် အလေအလွင့်နည်းပါးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြေထိုးစက်၊ မြေတူးစက် ထုတ်လုပ်မှု စက်ရုံ စီမံကိန်းအလုပ်ရုံ အဆောက်အအုံများ တည်ဆောက်နေမှုများကိုလည်းကောင်း၊ Ware House အဆောက်အအုံတွင် သင်္ဘောတင်ပို့ ရောက်ရှိလာသည့် စက်ကိရိယာပစ္စည်းများ ထိန်းသိမ်းထားရှိမှု များကိုလည်းကောင်း၊ ရေသန့်စင်စက်ရုံ (Water Treatment Plant) တည်ဆောက်မည့်မြေနေရာကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲစာစစ်ဌာနများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်နှင့်ဦးစိုးဦး၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူခဲ့သော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက် မန်နေဂျာ လစ်လပ်ရာထူး နေရာများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲများ ကျင်းပသည့် နေပြည်တော် အခြေခံပညာ အထက်တန်းကျောင်းများ၊ အခြေခံပညာ အလယ်တန်းကျောင်းများရှိ စာစစ်ဌာနကိုးခုကို ယမန်နေ့ နံနက်ပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးအားပေးသည်။ **(အပေါ်ပုံ)**

ဝင်ရောက်ဖြေဆို

အဆိုပါ အရည်အချင်းစစ် ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြသူ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၂၂၈၂ဦး ဝင်ရောက် ဖြေဆိုခဲ့ကြသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ဦးသန်းလွင်-ဒေါ်ရီရီမြင့် မိသားစုက မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက ဓမ္မနာဒကျောင်းတိုက် ရေစက်အတွက် အလှူတော်ငွေကျပ် ၁၂သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့ရေထွက်ပစ္စည်း ပို့ကုန်တိုးမြှင့်ရေးတာဝန်ပေးအပ်

နေပြည်တော် မေ ၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ မြန်မာ့ရေထွက်ပစ္စည်း ပြည်ပပို့ကုန်တိုးမြှင့်ရေးတာဝန်ပေးအပ်ပွဲကို ယမန်နေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်တွင်ကျင်းပရာ အခမ်းအနားသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ ရေထွက်ပစ္စည်း ပြည်ပပို့ကုန်တိုးမြှင့်ရေး အခြေခံဖြစ်သော ပင်လယ်ပြင်ဖမ်းဆီးထုတ်လုပ်ခြင်းနှင့် ရေချို၊ ရေငန်မွေးမြူထုတ်လုပ်ခြင်းများကို တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရုံမျှမက ပြည်ပသို့ တိုးမြှင့်တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိမည့် အခြေအနေများ အသေးစိတ်မှာကြားဆွေးနွေးသည်။

(အောက်ပုံ)

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်နှင့်တိုင်းဦးစီးဌာနမှူး ရှစ်ဦး၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းအဖွဲ့ရှစ်ခုနှင့် ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်သည့် ကုမ္ပဏီအဖွဲ့အစည်း ၆၂ ခုတို့အား ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြန်မာ့ရေထွက်ပစ္စည်း ပြည်ပပို့ကုန် တိုးမြှင့်ရေးတာဝန်ပေးအပ်လွှာများ ပေးအပ်သည်။

ကျေးဇူးတင်စကား

ဆက်လက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က ရေထွက်ပစ္စည်းတိုးတက်ထုတ်လုပ်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများနှင့် လုပ်ငန်းတာဝန် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရမည့် အခြေအနေများအားလည်းကောင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေ၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးသန်းလွင်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးစိုးထွန်းရှိန်နှင့် ပို့ကုန်မြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဟန်ထွန်းတို့က အသီးသီးကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

* ကျောဖုံးမှ

ဤအမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ပြည်သူများအားလုံး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်အပေါ်အခြေခံပြီး မှန်ကန်သည့် အသိတရားနှင့်ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံတော်၏ ပကတိအခြေအနေအရ သမိုင်းကပေးအပ်လာသည့် အမျိုးသားရေးတာဝန်များဖြစ်ကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြုထားသည်ဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ဦးထိပ်ပန်ဆင်ပြီးကျင့်သုံးရမည့် အမျိုးသားရေးမူဝါဒများဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် နိုင်ငံရေး နည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ လူမှုရေးနည်းလမ်းများသည်လည်း နိုင်ငံတော်၏ ပကတိ အခြေအနေများအရ လက်တွေ့ အကောင်အထည်ဖော်နိုင်သည့် လမ်းစဉ်များဖြစ်ကြောင်း။

စဉ်ဆက်မပြတ်ဖော်ဆောင်

ခေတ်ဟောင်း စနစ်ဟောင်းက ပြည်သူများလိုလားသည့် ခေတ်သစ်စနစ်သစ်ကို ကူးပြောင်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်လိုမှု၊ ဖြစ်ချင်မှု၊ ဆန္ဒအလိုကိုလိုက်ပြီး စိတ်ကူးယဉ်တာမျိုးမဟုတ်ဘဲ နိုင်ငံတော်၏ သမိုင်းကြောင်း၊ ပကတိဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများအရ တိကျပြတ်သားသည့် ရည်မှန်းချက်ပန်းတိုင်၊ မွန်မြတ်မှန်ကန်သည့်မူ၊ ပကတိအခြေအနေနှင့် ကိုက်ညီသည့် လမ်းစဉ်၊ စေတနာပါသည့် လက်တွေ့အကောင်အထည်ဖော်မှု၊ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုများနှင့် စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်နေကြသည်ဖြစ်ကြောင်း။

နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးကို စဉ်တိုက်ဆက်တိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်အကျိုးကို ရှေးရှုပြီး မွန်မြတ်သည့်စေတနာနှင့် ပကတိဖြစ်ပေါ်မှုများအပေါ် မှန်ကန်စွာ စဉ်းစားသုံးသပ် ဝေဖန်ပိုင်းခြား ဆောင်ရွက်နေသည်ဖြစ်ကြောင်း၊ ပြည်တွင်းက စစ်မှန်သည့်အားများဖြစ်ကြသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ ကိုယ်ပိုင်စွမ်းပကားနှင့် ကြိုးပမ်းဆောင်ရွက်နေကြသည်ဖြစ်ကြောင်း။

ဖွဲ့စည်းထား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ပြည်သူများ လိုလားတောင့်တနေကြသည့် နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်များမှာ ပြည်သူများနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်စေရန် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိပြီး ယုံကြည်ချက်၊ ခံယူချက်၊ မှန်ကန်ခိုင်မာသည့် လူငယ်များကို အခြေပြုပြီး ဖွဲ့စည်းထားသည်ဖြစ်ကြောင်း၊ အသင်းဝင်များသည် နိုင်ငံ၏ဒေသအသီးသီး၊ အလွှာအသီးသီးက မိမိတို့နယ်မြေတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်ကြရန် ကိုယ်တိုင်ဆန္ဒပြုဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ နယ်မြေဒေသအသီးသီး၏ ပြည်သူများထဲက ပြည်သူတွေဖြစ်ကြကြောင်း၊ ပြည်သူများနှင့် တစ်သားတည်း၊ တစ်ဆက်တစ်စပ်တည်းရှိကြသူများဖြစ်ကြောင်း။

အသင်းဝင်များသည် အသင်းကြီးက ချမှတ်ပြဋ္ဌာန်းထားသည့် အဓိဋ္ဌာန်၊ ရည်ရွယ်ချက်၊ အခြေခံမူ၊ ကတိသစ္စာ ကျင့်ဝတ်နှင့်တာဝန်ဝတ္တရားများအတိုင်း ပြည်သူများ၏ အကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အသင်းဝင်များအနေဖြင့် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေကြရုံသာမကဘဲ လူထုတစ်ရပ်လုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်လာအောင်လည်း စည်းရုံးရေးနည်းလမ်းနှင့် အထောက်အကူပြုနေကြပြီဖြစ်ကြောင်း။

အသင်းကြီးက ဖွင့်လှစ်သည့် သင်တန်းတိုင်းသည် သင်တန်းတက်ရောက်သည့် အသင်းဝင်တစ်ဦးချင်း၊ တစ်ယောက်ချင်း၏ အရည်အချင်းများ မြင့်မား တိုးတက်လာစေမှာဖြစ်သော်လည်း တစ်ဦးကောင်း၊ တစ်ယောက်ကောင်း အကျိုးထက် အသင်းဝင်များနှင့် ဖွဲ့စည်းထားသည့် အသင်းအဆင့်ဆင့်အနေဖြင့် ပြည်သူများအကျိုးအတွက် ပိုမိုသယ်ပိုးနိုင်အောင် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်သည်ဆိုသည်ကို နားလည်ခံယူကြရမည်ဖြစ်ကြောင်း။

ကြိုးပမ်းလေ့လာ

အခြေခံသတင်းစာပညာသင်တန်း၌ မှန်ကန်သောယုံကြည်ချက်၊ ခံယူချက် စွဲမြဲခိုင်မာရေး၊ အမျိုးသားနိုင်ငံရေး၊ သတင်းရယူခြင်း၊ သတင်းတည်ဆောက်ခြင်း၊ သတင်းရေးသားခြင်း၊ သတင်းတည်းဖြတ်ခြင်း၊ သတင်းဖြန့်ချိခြင်း၊ မီဒီယာများအသုံးပြုခြင်း၊ သတင်းဆိုင်ရာနည်းပညာများ၊ စောင့်စည်းရမည့်အချက်များ၊ အမှား အမှန်ကို ဝေဖန်ပိုင်းခြားခြင်း၊ မမှန်သတင်းများအပေါ် အမှန်အတိုင်းသိရှိစေရန်ဆောင်ရွက်ခြင်း၊ အကျိုးရှိသောဆောင်ရွက်မှုများအား ဝိုင်းဝန်းပါဝင်ဆောင်ရွက်လာအောင်အသိပေးခြင်းစသည့် ဘာသာရပ်များကို အတွေ့အကြုံရှိသည့် ဝါရင့်နည်းပြများကိုယ်တိုင် ရှင်းလင်းဆွေးနွေးပို့ချသွားမှာဖြစ်ကြောင်း၊ မိမိတို့၌ ရှိပြီးဖြစ်သည့် အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး နိုင်ငံတော်နှင့်ပြည်သူများအကျိုး သယ်ပိုးနိုင်သူများဖြစ်အောင် ကြိုးပမ်းလေ့လာသွားကြရန်မှာကြားလိုကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေးတို့သည်အနာဂတ်နိုင်ငံတော်သစ်အတွက် မရှိမဖြစ်သည့် အခြေခံအုတ်မြစ်များ ဖြစ်ကြောင်း၊ မှန်ကန်သည့်မူ၊ လက်တွေ့ကျသည့် လမ်းစဉ်နှင့် စေတနာပါသည့် အကောင်အထည်ဖော်မှုများကြောင့် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အထူးဒေသ ၂၄ ခု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအားလုံးသည် ပြည်သူများလိုလားသည့် အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို ဦးတည်ရှေးရှုနေပြီဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် ရပြီးဖြစ်သည့် အခြေအနေကောင်းများကို လျော့နည်းပပျောက်ခြင်း မရှိစေရန်နှင့် ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန် ပြည်သူများနှင့် လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အနာဂတ် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် အသင်းဝင်အားလုံးက ပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများသည် ငြင်းလို့မရသည့် ပကတိ အရှိတရားများဖြစ်ကြောင်း၊ ပြည်တွင်းက ကိုယ်ပိုင်စွမ်းအားနှင့် မနားမနေ ကြိုးပမ်းအကောင်အထည်ဖော်မှုများကြောင့် ရလာသည့်ရလဒ်ကောင်းများဖြစ်ကြောင်း၊ မိမိတို့အားလုံး ရရှိထားသည့် အခြေအနေကောင်းများကို ပိုမိုတိုးတက်အောင် ပိုမိုခိုင်မြဲအောင် တိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဆန္ဒစွဲ၊ အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ ပြင်းထန်သူများသည် အရာရာကို မှန်ကန်စွာ ရှုမြင်နိုင်စွမ်းမရှိဘူးဆိုတာ သိရှိကြပြီးဖြစ်ကြောင်း၊ မှန်ကန်စွာ ရှုမြင်နိုင်ခြင်း မရှိသည့်အတွက် အတွေးမှား၊ အပြောမှား၊ အလုပ်မှားတတ်သည်ကိုလည်း ဂရုပြုရမှာဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သည့်အမြင်၊ အပြုသဘောဆောင်သော လုပ်ဆောင်မှုတွေနှင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရမည့်အစား အရာရာကို မကောင်းသည့်အမြင်နှင့် ပြစ်တင်ဝေဖန်ပြောဆိုမှုများ၊ မမှန်သတင်းတွေ၊ လုပ်ကြံသတင်းတွေ၊ ကောလာဟလသတင်းတွေ၊ လိုရာဆွဲထားတဲ့ သတင်းတွေ၊ ပုံကြီးချဲ့သတင်းတွေ ရေးသားထုတ်လွှင့်နေမှုတွေ၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးကို ဗန်းပြပြီး တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ပျက်ပြားနှောင့်နှေးအောင် ပြည်ပမှာရှိသည့် အဖွဲ့အစည်းအချို့နှင့် ဆက်သွယ်ဆောင်ရွက်မှုတွေရှိနေတယ်ဆိုတာကိုလည်း ဂရုပြုကြရမှာဖြစ်ကြောင်း။

အသင်းဝင်များအနေနှင့် နိုင်ငံ၏ဒေသအသီးသီးမှာ လူထုနှင့်တစ်ဆက်တစ်စပ်တည်းရှိနေကြသူများ ဖြစ်ကြသည့်အတွက် သတင်းအမှန်ရယူပြီး မှားယွင်းသည့် လုပ်ကြံသတင်းများနှင့် ရည်ရွယ်ချက်များကို ပြည်သူများ အမှန်အတိုင်းသိရှိအောင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နယ်မြေအတွင်း ဖြစ်ပေါ်လေ့ရှိသည့် လိုအပ်ချက်တွေကိုလည်း သိရှိအောင် ဆောင်ရွက်ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **သင်တန်းက ရရှိလာမည့် အသိပညာ၊ အတတ်ပညာတွေကို မိမိတို့၏ ဘဝပေးအသိနှင့် ဆက်စပ်ပြီး လက်တွေ့နယ်ပယ်မှာ အသင်းကြီး၏ ပြန်ကြားရေးမှူးကောင်း၊ စည်းရုံးရေးမှူးကောင်း၊ တည်ဆောက်ရေးမှူးကောင်းများအဖြစ် ပြည်သူ့အကျိုး ထာဝစဉ်သယ်ပိုး ဆောင်ရွက်နိုင်အောင် လေ့လာသွားကြပါ။**
- **အရာရာကို စိတ်ရင်းကောင်းနှင့် ရိုးသားစွာကြည့်မြင်ပြီး နယ်မြေလူထုအကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ကြိုးပမ်း ဆောင်ရွက်မှုများကို ပြည်သူတွေသိရှိပြီး ဝိုင်းဝန်းပါဝင်ဆောင်ရွက်လာအောင် ကြိုးပမ်းသွားကြပါ။**
- **နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ဟန့်တားနှောင့်ယှက်မှုဖြစ်စေသည့် အဖျက်လုပ်ရပ်မှန်သမျှကို ပြည်သူများအမှန်အတိုင်း သိမြင်လာစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြပါ။**
- **တိုင်းရင်းသား ပြည်သူများအကြားရှိပြီးဖြစ်သည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေးအတွက် ကြိုးပမ်းသွားကြပါ။**
- **နိုင်ငံတော်က ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် လူထုတစ်ရပ်လုံးနှင့် လက်တွဲပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြပါ**

ဟု မှာကြားသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသူ ၅၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တကိုးပတ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

လမ်းမတော်မြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့် စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို မေ ၆ ရက် က အမှတ် (၇) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မကြီးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းထွင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် မေ ၇

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ(ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မေ ၁၈ ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ဖြစ်စေ မေ ၁၅ ရက် နောက်ဆုံးထား စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

လူမှုကရုဏာစာနာရေး ဝိုင်းဝန်းလက်တွဲဖော်ဆောင်ပေး

မေလ ၈ ရက်နေ့သည် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။

လူသားချင်းစာနာမှုဖြင့် ကရုဏာလုပ်ငန်းများကို ဆောင်ရွက်ကြရန် စိတ်ကူးကာ အကြံဉာဏ်ပေးခဲ့သူ ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်၏ မွေးနေ့ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၁၈၅၉ခုနှစ်၊အီတလီနိုင်ငံတောင်ပိုင်း လွမ်ဘာဒီဒေသတွင် ဖြစ်ပွားခဲ့သော ဆိုဖာရီနိုစစ်ပွဲမှ စတင်သန္ဓေတည်ခဲ့သော ကြက်ခြေနီလှုပ်ရှားမှုသည် ယနေ့တွင် နှစ်ပေါင်း ၁၄၄ နှစ်တိုင်ရှိနေခဲ့ပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံပေါင်းစုံက အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကြက်ခြေနီက အလေးအနက်ထားကာ ဆောင်ရွက်လျက် ရှိနေပါသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီလှုပ်ရှားမှု International Red Cross Movement တွင် အဓိကအဖွဲ့အစည်းသုံးခု ပါဝင်သည်။ ယင်းတို့မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့် အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖြစ်သည်။ အဆိုပါအဖွဲ့အစည်းကြီးသုံးခုအနေဖြင့် ကြက်ခြေနီအခြေခံမူများနှင့်အညီ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ခြင်းများကို ကြက်ခြေနီလှုပ်ရှားမှုဟု ခေါ်ပေသည်။

ကြက်ခြေနီ လှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်း ဆောင်ရွက်ကြရာတွင် လေးစားလိုက်နာကြရမည့် ကြက်ခြေနီအခြေခံမူ (၇)ချက်မှာ–

လူမှုကရုဏာဖြင့် စာနာခြင်း (Humanity)၊ ခွဲခြားမှုမရှိခြင်း (Impartiality)၊ ကြားနေခြင်း(Neutrality)၊ လွတ်လပ်စွာ ဆောင်ရွက်ခြင်း(Independence)၊ စေတနာဖြင့် အကျိုးဆောင်ခြင်း (Voluntary Service)၊ တစ်ခုတည်းသောစည်းလုံး ညီညွတ်ခြင်း (Unity)နှင့် ကမ္ဘာတစ်ဝန်းလွှမ်းခြုံခြင်း (Universality) တို့ဖြစ်သည်။

ဖော်ပြပါ အခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေသော ကြက်ခြေနီသည် အစဦးတွင် စစ်ပွဲများအတွင်း ထိခိုက်ဒဏ်ရာရသူ၊ နာမကျန်းဖြစ်သူ စစ်သည်တော်များအား ပြုစုရန်နှင့် အကာအကွယ်ပေးရန် ရည်ရွယ်ခဲ့ရာမှ ယနေ့အချိန်ခါတွင် လူသားအားလုံး၏ ကျန်းမာရေးနှင့် လူမှုဒုက္ခများကို နည်းပါးသက်သာစေရန် ဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ၁၈၆၃ ခုနှစ်၌ ကြက်ခြေနီ၏ ပထမဆုံး အဖွဲ့ဖြစ်သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ I.C.R.C (International Committee of Red Cross)ပေါ်ပေါက်လာခဲ့ပြီး ၁၈၆၄ ခုနှစ် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသော သံတမန်ညီလာခံတွင် ဥရောပ ၁၂နိုင်ငံက လက်မှတ်ရေးထိုးကာ ပထမ ဂျီနီဗာသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ထို့နောက် ၁၉၀၆ ခုနှစ်တွင် ဒုတိယစာချုပ်ကို လည်းကောင်း၊ ၁၉၂၉ ခုနှစ်တွင် တတိယစာချုပ်ကို လည်းကောင်း၊ ၁၉၄၉ခုနှစ်တွင် စတုတ္ထစာချုပ်ကိုလည်းကောင်း ချုပ်ဆိုခဲ့ကြသည်။

ထို့နောက် ၁၉၄၉ခုနှစ်တွင် ယခင်ရေးဆွဲခဲ့သော သဘောတူစာချုပ်များအား ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ကာ **"၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ ရက် ဂျီနီဗာသဘောတူစာချုပ်များ"**ဟု အမည်တွင်ခဲ့သည်။ ယင်းစာချုပ်များမှာ–

ပထမစာချုပ်သည် စစ်မြေပြင်တွင် ဒဏ်ရာရသူ၊ နာမကျန်းဖြစ်သူ စစ်သည်များအား ပြုစုစောင့်ရှောက်ပေးရန်နှင့် ကူညီပေးသော ဆေးအဖွဲ့များအနေဖြင့် ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသည့် အမှတ်အသား Protective Used အဖြစ် အသုံးပြုရန်ဖြစ်သည်။

ဒုတိယစာချုပ်သည် ပင်လယ်ပြင်တွင် ဒုက္ခရောက်နေသော စစ်ဘက်ဆိုင်ရာသင်္ဘောများမှ ဒဏ်ရာရသူ၊ နာမကျန်းဖြစ်နေသူများအား ပြုစုစောင့်ရှောက်ကူညီရန်နှင့် သက်ဆိုင်သည်။

တတိယစာချုပ်သည် စစ်ပွဲများအတွင်း လက်နက်ချအညံ့ခံသော စစ်သုံ့ပန်းများအား ကာကွယ်စောင့်ရှောက်ပေးရန်နှင့် သက်ဆိုင်သည်။

စတုတ္ထစာချုပ်သည် စစ်မက်ဖြစ်ပွားစဉ် အရပ်သားများအား အကာအကွယ်ပေးရန်နှင့် သက်ဆိုင်သည်။ ဆက်လက်၍ ၁၉၇၇ ခုနှစ်တွင် နောက်ဆက်တွဲစာချုပ် နှစ်ခုကိုလည်း ထပ်မံချုပ်ဆိုခဲ့ကြသည်။ အဆိုပါစာချုပ်များကို အမျိုးသားကြက်ခြေနီအသင်းများ၏ သက်ဆိုင်ရာနိုင်ငံ အစိုးရများက လက်မှတ်ရေးထိုးကြရသည်။ ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူ စာချုပ်လေးခုကို ၁၉၁ နိုင်ငံက လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၂ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ လက်မှတ်ရေးထိုးထားသော နိုင်ငံအစိုးရများသည် စာချုပ်ပါ ပဋိဉာဉ်ချက်များကို လေးစားလိုက်နာရသည့်အပြင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုများ သိရှိစေရန်လည်း ဆောင်ရွက်ပေးကြရသည်။ ၂၀၀၆ ခုနှစ်တွင် နောက်ဆက်တွဲ တတိယစာချုပ်ကို ထပ်မံချုပ်ဆိုခဲ့သည်။

၁၉၉၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် ဆွစ်ဇာလန်နိုင်ငံအစိုးရတို့ ကမကထပြု၍ **'စစ်ဘေးဒုက္ခသည်များ ကာကွယ်စောင့်ရှောက်ရေး အပြည်ပြည်ဆိုင်ရာညီလာခံ'** တစ်ရပ်ကိုကျင်းပခဲ့ရာ ဂျီနီဗာသဘောတူစာချုပ်များအား လက်မှတ်ရေးထိုးထားသည့် နိုင်ငံများ တက်ရောက်ကြပြီး၊ ယင်းညီလာခံမှ **'အပြည်ပြည်ဆိုင်ရာလူမှုကရုဏာဥပဒေ'** International Humanitarian Law (IHL) ပြဋ္ဌာန်းခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာဥပဒေတွင် စစ်မက်ဖြစ်ပွားစဉ် စစ်ပွဲတွင်ပါဝင်သူများနှင့် စစ်ပွဲနှင့်မပတ်သက်သော အရပ်သားများအား အကာအကွယ်ပေးရေးနှင့် စစ်ဆင်ရေးဆိုင်ရာ ကန့်သတ်မှုများ ပါဝင်သည်။

တက္ကသိုလ်ဇော်ထူးဦး

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် ဖော်ပြပါကြက်ခြေနီ အခြေခံမူများ၊ ဂျီနီဗာသဘောတူစာချုပ်များ၊ လူမှုကရုဏာဥပဒေများကို အစိုးရများနှင့် အမျိုးသားကြက်ခြေနီအသင်းများက လေးစားလိုက်နာမှုရှိစေရန် တိုက်တွန်းလျက်ရှိသည့်အပြင် လူတို့ကြောင့် ဖြစ်ပွားသည့် ပဋိပက္ခများကို ကူညီဖြေရှင်းပေးသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းသည် အမျိုးသားအသင်းများ စုပေါင်းထားသည့်အဖွဲ့ဖြစ်ပြီး ယနေ့အချိန်တွင် အဖွဲ့ဝင် ၁၈၅ နိုင်ငံ ပါဝင်ဖွဲ့စည်းထားသည်။ သဘာဝဘေးကြောင့် ကြုံတွေ့ရသည့် ဘေးဒုက္ခများကို ကူညီပေးပြီး ကျန်းမာရေးနှင့် အဖွဲ့ဝင် အမျိုးသားကြက်ခြေနီအသင်းများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

အမျိုးသားအသင်းများတွင် ကြက်ခြေနီနှင့် လခြမ်းနီအသင်းဟူ၍ ပါဝင်သည်။ နိုင်ငံအများစုသည် ကြက်ခြေနီအမှတ်အသား (Red Cross) ကို အသုံးပြုကြပြီး အစ္စလာမ်ဘာသာ ကိုးကွယ်သော နိုင်ငံများကမူ ကြက်ခြေနီ အစား၊ လခြမ်းနီအမှတ်အသား (Red Crescent) ကို အသုံးပြုသည်။ ၂၀၀၆ခုနှစ်တွင် အမျိုးသားအသင်းဝင်အဖြစ်ပါဝင်လာသော အစ္စရေးနိုင်ငံကမူ အနီရောင်ခရစ္စတယ် (Red Crystal)အမှတ်အသားကို အသုံးပြုသည်။ ထို့ကြောင့် ယနေ့ကမ္ဘာပေါ်၌ လက်ခံသုံးစွဲနေသော ကြက်ခြေနီအမှတ်အသား သုံးမျိုးရှိနေပါသည်။ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများသည် နိုင်ငံအစိုးရ၏ အရန်အဖွဲ့အဖြစ် နိုင်ငံအတွင်း လူမှုကရုဏာလုပ်ငန်းများဖြစ်သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၊ ဘေးဒုက္ခသည်များအား ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ သို့သော် အိန္ဒိယကြက်ခြေနီအသင်း၏ အသင်းခွဲတစ်ခု အဖြစ်သာရှိခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် အမျိုးသားကြက်ခြေနီ အသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက အမျိုးသားကြက်ခြေနီအသင်း တစ်သင်းအဖြစ် အသိအမှတ်ပြုခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းအဖွဲ့ဝင် ဖြစ်ခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ပြည်ထောင်စုပါလီမန် ဥပဒေပြုလွှတ်တော်မှ **'၁၉၅၉ခုနှစ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေ'**ကို ပြဋ္ဌာန်းပေးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် **'မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နည်းဥပဒေ'**ကို ပြဋ္ဌာန်းခဲ့ပါသည်။ ခေတ်ကာလနှင့် အုပ်ချုပ်မှုဆိုင်ရာ ပြောင်းလဲမှုများအပေါ် မူတည်ပြီး ၁၉၆၄၊ ၁၉၇၁၊ ၁၉၈၈ခုနှစ်များတွင် ဥပဒေပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် **'ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်'**ဟူသော ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများအား ကူညီရန်ဆိုသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည်။ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ ၁၇ခု၊ ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ၅၉ ခု၊ မြို့နယ် ကြက်ခြေနီအသင်း ၃၂၅သင်းကို ဖွဲ့စည်းထားရှိကာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ ၃၉ ခု တို့တွင် ကြက်ခြေနီအသင်းများကို ဖွဲ့စည်းပြီး ဖြစ်သည်။

မြို့နယ်များတွင် **'ကြက်ခြေနီသူနာပြုတပ်ရင်း'** များကို ဖွဲ့စည်းထားရှိရာ စေတနာလုပ်အားရှင် တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ဒေသအတွင်း ကယ်ဆယ်ရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများသာမက သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ လမ်းညွှန်မှုဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင် လုပ်ဆောင်လျက်ရှိနေကြပါသည်။

လူသားချင်း စာနာထောက်ထားမှုဖြင့် ကူညီထောက်ပံ့မှုပေးခြင်းသည် မြန်မာတို့အဖို့ အထူးတလည်ဖော်ပြရန်လိုမည်မထင်သော လူမှုကရုဏာလုပ်ငန်းများပင် ဖြစ်သည်။ မြန်မာတို့၏ ပင်ကိုစိတ်ဓာတ်ကပင် ဒုက္ခ ရောက်နေသူကို ကူညီရမည်၊ ဆင်းရဲနွမ်းပါးသူကို ထောက်ပံ့ရမည်၊ မိမိပတ်ဝန်းကျင်နှင့် အများအကျိုးအတွက် ကောင်းကျိုးဟူသမျှကို ဝိုင်းဝန်းလုပ်ဆောင်ကြမည်ဆိုသည့် ပရဟိတ လူမှုဝတ္တရားများကို လုပ်ဆောင်ကြရမည်ဆိုသည့် လူမှုရေးအသိရှိနေကြပြီး ဖြစ်ပါသည်။

မြန်မာတို့အတွက် ကြက်ခြေနီစိတ်ဓာတ်သည် တိုက်တွန်းလှုံ့ဆော်ရန် မလိုသော အသိစိတ်ဓာတ်ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ဆောင်ပုဒ်မှာ–

Together for Humanity ဖြစ်သည်။

လူသားကရုဏာစာနာရေး၊ ဝိုင်းဝန်းလက်တွဲဖော်ဆောင်ပေး ဟု ပြန်ဆိုထားပေရာ မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် ပင်ကိုရှိရင်းစွဲဖြစ်သော လူသားချင်းစာနာ ထောက်ထားသော စိတ်ဓာတ်ကို ဖော်ဆောင်ပေးလျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မွေးပျံ့ထုံကြည် ကြက်ခြေနီ

ကြက်ခြေနီလူငယ်များ
စိတ်ထားကဖြူစင်ပေ၊
ကိုယ်ကျိုးတွေဖယ်ခွာချ
မွန်မြတ်လှပေ။

ရန်သူနဲ့မိတ်ဆွေ
ဘယ်ခါလေမခွဲခြား၊
လူသားမှန်သမျှ
ကုသမယ့် စိတ်ထား။

အကြင်နာတရားနဲ့
ဆပွားလို့ကူညီ၊
ပြည်ခွင်တစ်လွှား
စွမ်းအားတွေညီ။

သဘာဝဘေးအလီလီ
ဖြစ်ပြီဆိုအမြဲ၊
ဒုက္ခတွေကယ်တင်ဖို့
အသက်ပင်စွန့်ရဲ။

ရပ်ရွာကျန်းမာရေး
ဖွံ့ဖြိုးရေးအထွေထွေ၊
စေတနာမေတ္တာမပျက်
ထမ်းရွက်လို့နေ။

လူမျိုးဘာသာမခွဲပေ
အလှူတွေမရွေး၊
ကရုဏာကြက်ခြေနီပန်း
လန်းဆန်းလို့မွှေး။ ။

သီယာ

မြန်မာနိုင်ငံ၌ ပထမဦးဆုံး နိုင်ငံတကာအဆင့်မီ မြက်ခင်းတု ဟော်ကီအားကစားကွင်းဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့ နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ၌ ပထမဦးဆုံး တည်ဆောက်ပြီးစီးသွားသည့် နိုင်ငံတကာအဆင့်မီ မြက်ခင်းတုဟော်ကီအားကစားကွင်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆိုပါနိုင်ငံတကာအဆင့်မီ မြက်ခင်းတုဟော်ကီအားကစားကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ချီးမြှင့်ပြီး ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟော်ကီအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Mohammed Khairuz Zaman နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတကာအဆင့်မီ မြက်ခင်းတု ဟော်ကီအားကစားကွင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Mohammed Khairuz Zaman တို့က ဖဲကြိုးဖြတ်၍ နိုင်ငံတကာအဆင့်မီ မြက်ခင်းတုဟော်ကီအားကစားကွင်းကို ဖွင့်လှစ်ပေးကြသည်။

အမှတ်တရ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက စက်ခလုတ်နှိပ်၍ နိုင်ငံတကာအဆင့်မီ မြက်ခင်းတု ဟော်ကီအားကစားကွင်း ဆိုင်းဘုတ်ကိုဖွင့်လှစ်ပေးသည်။ ထို့နောက် အမှတ်တရ စုပေါင်း၍ ဓာတ်ပုံရိုက်ကြသည်။

ယှဉ်ပြိုင်

ယင်းနောက် ပဏာမလက်ရွေးစင် ဟော်ကီအားကစားအသင်း နှစ်သင်းတို့က ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သရုပ်ပြ ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် သရုပ်ပြ ယှဉ်ပြိုင်ကြသည့်အသင်းများအား တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ဆုများကိုချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ နိုင်ငံတကာ အဆင့်မီ မြက်ခင်းတု ဟော်ကီအားကစားကွင်း၏ အကျယ်အဝန်းမှာ လေ့ကျင့်ရေးကွင်းအပါအဝင် အလျားမီတာ ၁၂၀၊ အနံမီတာ ၆၀ ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၃)ရပ်ကွက် အင်ကြင်းမြိုင်လမ်း အမှတ် (၁၁၃)နေ ဒေါ်ထက်ထက်အေးမိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ကိုယ်စား အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးက လက်ခံယူစဉ်။ (က-ပ)

ရွှေမြို့ (တပ်ကုန်း)ပင်မဓာတ်အားခွဲရုံ ပန္နက်တင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ပန္နက်တိုင်စိုက်ထူပေး

နေပြည်တော် မေ ၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၅ ရက် နံနက်ပိုင်းက ရွှေမြို့ (တပ်ကုန်း) ပင်မဓာတ်အားခွဲရုံ ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပန္နက်တိုင်များကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးသည်။

ပန္နက်တိုင်စိုက်ထူ

ထို့နောက် ပန္နက်တိုင်စိုက်ထူခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ အမှတ်(၁) ပန္နက်တိုင်ကို အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမှတ်(၂) ပန္နက်တိုင်ကို လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ အမှတ်(၃) ပန္နက်တိုင်ကို လျှပ်စစ်စွမ်းအားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောဝင်း၊ အမှတ်(၄) ပန္နက်တိုင်ကို အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဗိုလ်မှူးကြီးညိုမြင့်၊ အမှတ်(၅)ပန္နက်တိုင်ကို မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန အင်ဂျင်နီယာချုပ် ဦးအေးသော်၊ အမှတ်(၆) ပန္နက်တိုင်ကို ဓာတ်ငွေ့နှင့် ရေနွေးငွေ့စက်ရုံများဌာန အင်ဂျင်နီယာချုပ် ဦးသန်းလွင်၊ အမှတ်(၇) ပန္နက်တိုင်ကို မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း ပစ္စည်းစီမံရေးဌာန အထွေထွေမန်နေဂျာ ဦးသန်းဝင်း၊ အမှတ်(၈) ပန္နက်တိုင်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဒုတိယဗိုလ်မှူးကြီးအောင်ဝင်းတို့က သတ်မှတ်နေရာများ၌ အသီးသီး စိုက်ထူပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (အလယ်ပိုင်း) စီမံကိန်း ညွှန်ကြားရေးမှူး ဦးတင်အောင်က ရွှေမြို့(တပ်ကုန်း) ပင်မဓာတ်အားခွဲရုံ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြင်းမူမြို့ ပြန်/ဆက် စာဖတ်ပွဲ

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းဦးစီး၍ စာဖတ်ပွဲကို ဧပြီ ၂၃ ရက် မွန်းလွဲ ၂နာရီက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် ခန်းမ၌ ကျင်းပရာ ဧပြီ ၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ချစ်နိုင်(စိတ်ပညာ)ရေးသားသော **စည်းကမ်းရှိမှ** ဆောင်းပါးကို စာထောက်(၃) ဦးမြင့်နိုင်စိုးနှင့်ရပ်သံကျွမ်းကျင်(၃)ဒေါ်ခင်မာအေးတို့ကလည်းကောင်း၊ ဒို့ကျေးရွာဂျာနယ်အတွဲ(၄)အမှတ်(၅)ပါ **တာဝန်သိခြင်း** ခေါင်းကြီးပိုင်းကို အငယ်တန်းစာရေး ဦးသန်းမြင့်က လည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

သမိုင်းဝင် ပင်းစက္ကူလံပစေတီတော် လုံးတော်ပြည့် ရွှေချရန်ငွေလှူဒါန်း

ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာအုပ်စု ဘုရားကုန်းရွာ ပင်းချောင်းဝ၌ ပုဂံအနော်ရထာမင်းစောတည်ခဲ့သည့် သမိုင်းဝင်ပင်းစက္ကူလံပစေတီတော် လုံးတော်ပြည့်ရွှေချရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက်က ကျင်းပရာ ၁၄ ရပ်ကွက်မှ စေတနာရှင်အလှူရှင်များက ငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (၂၉၇)

ဟိုပင်မြို့ ဂြိုဟ်ပြေ၊ နံ့ပြေစေတီ ရွှေထီးတော်တင်လှူ

ကချင်ပြည်နယ် ဟိုပင်မြို့ တောင်ပေါ်ကျောင်းဝင်း အတွင်း အလှူရှင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ရွှေပေါ်ဦး ကျောက်မျက်ကုမ္ပဏီ လီမိတက်မှ ဦးတင်လှ-ဒေါ်ခင်ကြိုင်မိသားစုက မတည်လှူဒါန်းငွေကျပ်သိန်း ၅၀ နှင့် ခုနစ်ရက်သားသမီးများလှူဒါန်းမှုဖြင့် တည်ထားကိုးကွယ်ပူဇော်ထားသည့် ဂြိုဟ်ပြေ၊ နံ့ပြေ စေတီတော်အား ဘုရားအနေကဇာတင်၊ ရွှေထီးတော်သစ်တင်လှူခြင်း မင်္ဂလာအခမ်းအနားကို ဧပြီ ၁၀ရက် နံနက် ၉နာရီက အဆိုပါစေတီတော် ရင်ပြင်၌ကျင်းပရာ ပင့်သံဃာ အပါး ၅၀၊အလှူရှင်မိသားစုနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ရွှေ စည်ပင် အမှုဆောင်အရာရှိ စည်ပင်ဈေး စစ်ဆေး

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုး ကြီးကြပ်၍ ရုံးဝန်ထမ်းများနှင့် အတူ ဧပြီ ၂၃ ရက်က မြို့မ စည်ပင်ဈေးကြီးအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ကြက်၊ ဝက်၊ ဘဲနှင့် ငါးအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ (၀၂၇)

ရွှေဘို-မိုးညှင်း လော်ကယ်ရထားပေါ်တွင် ပိုင်ရှင်မဲ့ လက်ဆွဲအိတ်တစ်လုံးတွေ့ရှိ သက်ဆိုင်ရာတာဝန်ရှိသူထံအပ်နှံ

စစ်ကိုင်းတိုင်း အင်းတော်ဘူတာသို့ ဧပြီ၁၉ ရက် ညနေ ၄ နာရီက ဆိုက်ရောက်လာသော ရွှေဘို-မိုးညှင်းလော်ကယ်ရထားတွင် လိုက်ပါလာသည့် ကောလင်းမြို့မှ ကုန်သည်ဦးကျော်ဌေးသည် ရထားပေါ်တွင် ပိုင်ရှင်မဲ့ လက်ဆွဲအိတ်တစ်လုံးကို တွေ့ရှိသဖြင့် အင်းတော်ဘူတာ တာဝန်ကျဒုတိယရုံပိုင် ဦးခင်မောင်ကြည်နှင့် အလုပ်သင် ဒုတိယရုံပိုင် ဦးချိုဝင်းတို့အား အပ်နှံခဲ့သည်။

အင်းတော်ရုံပိုင်ကြီး ဦးမြင့်အောင်က အဆိုပါလက်ဆွဲအိတ်ကို အသေးစိတ်ကြည့်ရှုစစ်ဆေးရာ လက်ဆွဲအိတ်အတွင်းမှ (MP)လက်ကိုင်ဖုန်း တစ်လုံးနှင့် အားသွင်းခုံတစ်ခု၊ ရွှေဆံညှပ်အကြီးတစ်ခု၊ ကျောက်စီလက်ကောက် တစ်ကွင်း၊ ရွှေနားကပ်တစ်စုံ၊ ရွှေဆွဲပြားအကြီးတစ်ခု၊ ရွှေဆွဲပြားအသေးတစ်ခု၊ ပုလဲဆွဲသီးတစ်ခု၊ ကျောက်စီရွှေလက်စွပ်နှစ်ကွင်း တွေ့ရှိရသဖြင့် ဧပြီ ၁၉ ရက် နံနက်က အဆိုပါပစ္စည်းများကို အင်းတော်ရဲစခန်းသို့ သွားရောက်အပ်နှံခဲ့ကြောင်း သိရသည်။ (၁၃၃)

နွားထိုးကြီး၌ မီးသတ်ကား လွှဲပြောင်းပေးအပ်

နွားထိုးကြီးမြို့နယ် မီးသတ်ဦးစီးဌာနရှိ မီးသတ်ကားအား ပြုပြင်ပြီးစီး၍ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီရက် နံနက် ၉နာရီက မြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေး ခန်းမတွင် ကျင်းပရာ ခရိုင် မီးသတ်ဦးစီးဌာနမှူး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်သည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်မဲတွင် အဘိုး၊ အဘွားများပူဇော်

ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ဒသမအကြိမ်မြောက် အသက် ၈၅ နှစ်အထက် အဘိုး အဘွားများ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ကျောက်မဲမြို့ ကျက်သရေဆောင် ခန်းမတွင် ကျင်းပရာ နယ်မြေခံ တပ်နယ်မှ တပ်မမှူးနှင့်ဇနီး၊ တပ်ရင်းတပ်ဖွဲ့များမှ တပ်ရင်းမှူးနှင့် ဇနီး တပ်ဖွဲ့ဝင်များ၊ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို၍ ဖွင့်လှစ်ပြီး ခရိုင်အသင်း အတွင်းရေးမှူးက ရှင်းလင်း ပြောကြားပြီး တက်ရောက်လာသူများက ဩကာသ ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြသည်။

(မြို့နယ် ပြန်/ဆက်)

8-5 (05) 1 5/7/07, 12:23 PM

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (ပြင်စည်-စကားအင်းအပိုင်း) အပိုင်းစစ်ဆေး

နေပြည်တော် မေ ၇

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (အထက်မြန်မာပြည်)အင်ဂျင်နီယာချုပ်ဦးကြူဟင်၊ တိုင်းဆည်မြောင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်သိန်း၊ တိုင်းစည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကံလှ၊ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးနှင့်အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် နွားထိုးကြီးမြို့နယ် မိုင်တိုင်အမှတ် ၃၂၆/၂ ပြင်စည်ကျေးရွာရှိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် တိုင်းမှူးအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်-မန္တလေး လမ်းမကြီး တည်ဆောက်ရေး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဖေက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တည်ဆောက်ရေးစီမံကိန်းမှ လမ်းအူကြောင်းဖြစ်သည့် (ပြင်စည်-စကားအင်းအပိုင်း)အပိုင်းနှင့် ပတ်သက်သော မြေသားလမ်း ဖောက်လုပ်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ လမ်းအပိုင်းလိုက်ဖောက်လုပ်ရာတွင် တွေ့ရှိရသော အခက်အခဲများအား အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရှောင်ကွင်းဖောက်လုပ်

ထို့နောက်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(အထက်မြန်မာပြည်)အင်ဂျင်နီယာချုပ် ဦးကြူဟင်က လုပ်ငန်းဆောင်ရွက်မှုလိုအပ်ချက်များအား ဖြည့်စွက် ရှင်းလင်းတင်ပြရာ တိုင်းမှူးက သတ်မှတ်ကာလအတွင်းအရည်အသွေးမြင့် လမ်းတစ်လမ်းအဖြစ် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တာဝန်ရှိသူအဆင့်ဆင့်မှ အောက်ခြေအထိကွင်းဆင်းဆောင်ရွက်သွားရန်၊ ယခုဖောက်လုပ် ဆောင်ရွက်ပေးသောလမ်းအူကြောင်းသည် ပတ်ဝန်းကျင်ကျေးရွာများကိုထိခိုက်မှုမရှိစေရေးရှောင်ကွင်းဖောက်လုပ်ပေးသွားရန်နှင့် အသေးစိတ်လိုအပ်ချက်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးက(ပြင်စည်-စကားအင်းအပိုင်း)အပိုင်းရှိ လမ်းအူကြောင်း ဖြတ်သွားသော အနီးပတ်ဝန်းကျင်ကျေးရွာများအားမြေပုံပေါ်တွင် အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် (ပြင်စည်-စကားအင်းအပိုင်း)အပိုင်းဖောက်လုပ်ပြီးစီးသောမြေသားလမ်းကို ကြည့်ရှုစစ်ဆေးသည်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တည်ဆောက်ရေးစီမံကိန်း လမ်းအူကြောင်း (ပြင်စည်-စကားအင်းအပိုင်း) အပိုင်းတွင် လမ်းအကျယ် ၁၂ပေခွဲရှိပြီး ပြင်စည်ကျေးရွာ မိုင်တိုင်အမှတ်၃၂၆/၂မှ ဥမင်ရွာ မိုင်တိုင်အမှတ် ၃၄၆/၅အထိ စုစုပေါင်းလမ်းအရှည်၂၀မိုင်၃ဖာလုံမှာ မြေသားလမ်းဖြစ်၍ ဥမင်ရွာ မိုင်တိုင်အမှတ် ၃၄၆/၅မှ စကားအင်းအပိုင်း မိုင်တိုင်အမှတ် ၃၅၄/၆အထိ စုစုပေါင်းလမ်းအရှည် ၈မိုင်၁ဖာလုံမှာ ကတ္တရာလမ်းဖြစ်ကာ လမ်းအပိုင်းတစ်ခုလုံးစုစုပေါင်းလမ်းအရှည် ၂၈မိုင် ၄ ဖာလုံရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

> ## ရှင်းလင်းတင်ပြ
>
> **မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်အား ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းအူကြောင်း (ပြင်စည်-စကားအင်းအပိုင်း) အပိုင်းကို ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဖေက ရှင်းလင်းတင်ပြစဉ်။**
>
> (သတင်းစဉ်)

ရန် ကုန် မြို့ ဗဟန်း မြို့ နယ် အမှတ် ၁၅ ကြားတော ရ လမ်း ရှိ တိပိဋကဓမ္မရက္ခိတ အဖွဲ့သို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု ဆရာ ဦးမြင့်လွင် (သန့်-တည်-ပွား) အဖွဲ့က ငွေကျပ် လေးသိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦး ကြင် သိန်း နှင့် အမှုဆောင်အဖွဲ့က အလှူငွေများကို လက်ခံယူစဉ်။

(က-ပ)

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် မေ ၇

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီ မိနစ် ၃၀၊ ၀၄ စက္ကန့်အချိန် တိုင်းထွာချက်များအရ ရန်ကုန်မြို့ ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်အနောက် မြောက်ဘက်မိုင် ၄၅၀ ခန့်၊ မုံရွာမြို့၏ မြောက်အနောက်မြောက် ၈၅မိုင်ခန့်၌ ရစ်ချ်တာစကေး(၅ဒသမ ၁) အင်အား အသင့်အတင့်ရှိ မြေငလျင် တစ်ခုလှုပ်သွားကြောင်း သိရသည်။ အဆိုပါမြေငလျင်လှုပ်မှုတွင် အပျက်အစီး မရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့နယ်ရှိ ဗိုလ်မှူးကြီးဘိုးကြင် စာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

ရန်ကုန် မေ ၇

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အလယ်ကျေးရွာ၌ ငွေကျပ်သိန်း ၁၀၀တန် **“ဗိုလ်မှူးကြီးဘိုးကြင်”** စာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပရာ ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ အလှူရှင်ဦးမိုးပေါ်(မြန်ဂုဏ်မြင့်ကုမ္ပဏီ)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဗိုလ်မှူးကြီးဘိုးကြင် စာကြည့်တိုက်အဆောက်အအုံကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် အလှူရှင်ဦးမိုးပေါ် (မြန်ဂုဏ်မြင့်ကုမ္ပဏီ)က လှူဒါန်းရခြင်း၏ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက တိုင်းအတွင်း စာကြည့်တိုက်များ ဆောင်ရွက်မှုကို ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အလှူရှင်ဦးမိုးပေါ် (မြန်ဂုဏ်မြင့်ကုမ္ပဏီ)က ဗိုလ်မှူးကြီးဘိုးကြင် စာကြည့်တိုက် အဆောက်အအုံသစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗိုလ်မှူးကြီးဘိုးကြင် စာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လှူဒါန်းသည့် စာအုပ် ၁၀၀ ကို ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)က လှူဒါန်းသည့် စာအုပ် ၂၀၀ ကို ညွှန်ကြားရေးမှူးကလည်းကောင်း၊ အလှူရှင် ဦးမိုးပေါ်-ဇနီးဒေါ်အေးမာခင် မိသားစုက သုတ/ရသစာအုပ်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က သုတ/ရသစာအုပ်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းက ဂျာနယ် ၅၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံကြသည်။

လက်ခံ

ဆက်လက်၍ စာကြည့်တိုက်အတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ကျင်းပရာ အလှူရှင် ဦးမိုးပေါ်-ဇနီးဒေါ်အေးမာခင် မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးတင်စိုး-ဒေါ်တင်ညို မိသားစု၊ ဒုတိယဗိုလ်မှူးကြီးသီလနှင့် သမီး မမိုးမိုးခင် မိသားစု၊ ဦးသန်းစိန်-ဒေါ်ဥမ္မာ၊ သမီးမအိမ့်စုကြည်၊ ဦးဝဏ္ဏဆွေ-ဒေါ်ကေခိုင်မိုး၊ သမီး မအိန္ဒြာဆွေရည် မိသားစု၊ ဦးအောင်ကျော်မင်း၊ ဒေါက်တာဒေါ်အေးမြဦး မိသားစု၊ ဦးကျော်ဇေယျ-ဒေါ်ခင်မျိုးသန့်မိသားစု၊ ဗိုလ်မှူးအောင်မင်း-ဒေါ်ချိုချို မိသားစုနှင့် ဦးမြိုင်-ဒေါ်လှမြင့် မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးသိန်းလွင်-ဒေါ်တင်တင်ရီမိသားစု၊ ဦးမောင်မောင်ဦး-ဒေါ်အေးအေးမြင့် မိသားစုနှင့် ဦးတင်ရှိန်-ဒေါ်ငွေငွေလွင်မိသားစုတို့က ငွေကျပ်ငါးသောင်းစီ စုစုပေါင်းငွေကျပ် ၁၃၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တက်ရောက်လာကြသူများက ဗိုလ်မှူးကြီးဘိုးကြင် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၅-၂၀၀၇ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	အရှင်ဓမ္မပါလ ဆုတောင်း တရားတော် (အပိုင်း-၁) (သီတဂူဆရာတော်အရှင်ဉာဏိဿရ)
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	Sunday Talk
၈:၅၅	အံ့ဖွယ်ထူးခြားမာရ်အောင်မြင်ပြည်တော်ပြန်ဘုရား (ဇလွန်မြို့)
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	လူတိုင်းအတွက်ရှေးဦးသူနာပြု
၉:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၀	အသည်းကင်ဆာသိကောင်းစရာ (အပိုင်း-၃) (ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်း)
၁၀:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	သဒ္ဓမ္မဇအောဂမ၊ သဘာဝနှစ်ဌာန
၁၀:၄၅	မိုးလေဝသခန့်မှန်းချက်
၁၀:၅၀	စက်မှုဖွံ့ဖြိုးတို့ပြည်အကျိုး ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်) သဇင်၊နှင်းဆီ၊ ခင်မိုမိုအေး [ဒါရိုက်တာ-တင်အောင်ရွှေ၊ သုတေသီ]
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅	စောင့်ရှောက်ခြင်းသည် ဒို့တာဝန် စောင့်ရှောက်ခြင်းသည်မျှဝေမှု
၁၂:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၁၀	ကုန်သွယ်စီးပွားနိုင်ငံ့အား (သွင်းကုန်လုပ်ငန်း လုပ်ထုံးလုပ်နည်းများ)
၁၂:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (အများအကျိုးဆောင်သယ်ပိုး)
၁၂:၅၀	တေးဂီတအစီအစဉ်
၁၂:၅၅	ပြည်သူ့အတွက် ကျန်းမာရေး (မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်း)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝိဇာတမင်္ဂလာနှင့် ဂုဏာဂီတိပူဇကမင်္ဂလာ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးတိုက် မဏိရတနာကျောင်းတိုက်ကြီးဆရာတော် ဘဒ္ဒန္တပဏ္ဍိတ ဒွိပိဋကရေ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ ဝိနယရေ ဝိနယဝိဒူ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ ဂန္ထဝါစက၊ ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့်ဓမ္မကထိက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး (ရန်ကုန်မြို့)မဟာနာယက ဆရာတော်၏(၅၆)နှစ်မြောက် ဝိဇာတမင်္ဂလာနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်တော်မူခြင်းခံရသည့်အတွက် တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့ ဂုဏာဂီတိပူဇကမင်္ဂလာထပ်ဆင့်ပူဇော်ပွဲ အခမ်းအနားကို နယုန်လဆန်း ၅ ရက် (မေ ၂၀ ရက်) တနင်္ဂနွေနေ့တွင် ယင်းကျောင်းတိုက်ကြီး၌ အကျိုးတော်ဆောင်ဝေယျာဝစ္စအဖွဲ့က ကြီးမှူး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့ ပူဇော်ပွဲသို့ ကြွရောက်ပူဇော်နိုင်ကြရန်နှင့် သဒ္ဓါအလျောက် လှူဒါန်းလိုပါက ကျောင်းတိုက်ဖုန်း-၅၄၆၀၂၅ နှင့် အကျိုးတော်ဆောင်များ ဖုန်း-၅၅၅၈၄၈၊ ၆၄၁၆၄၅ နှင့် ၆၄၃၀၃၆ တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(ဝ၅၂)**

ထူးခြားသည့် အပူချိန်

၇-၅-၂၀၀၇

နေပြည်တော်	၁၀၀	ဒီဂရီဖာရင်ဟိုက်
ရန်ကုန်(ကမ္ဘာအေး)	၈၆	ဒီဂရီဖာရင်ဟိုက်
မန္တလေး	၁၀၄	ဒီဂရီဖာရင်ဟိုက်
ကသာ	၁၀၆	ဒီဂရီဖာရင်ဟိုက်
ကလေးဝ	၁၀၆	ဒီဂရီဖာရင်ဟိုက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး

အမျိုးသားရေးအကျိုးစီးပွား သယ်ပိုးဖော်ဆောင်ရန်ဖွဲ့စည်းထား

ပြည်သူ့အကျိုးပြုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြ

ရန်ကုန် မေ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်သည် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်း လိုက်ပါလျက် မေ ၅ရက် နံနက်ပိုင်းက ပဲခူးတိုင်း သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာလုပ်ငန်းများကို ဆွေးနွေး မှာကြားသည်။

အရှိန်အဟုန်မြှင့်ဆောင်ရွက်

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ယခုကဲ့သို့ မိမိမြို့နယ်နှင့် ရပ်ကွက်များတွင် ပြည်သူ့ အကျိုးပြုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ကြသည့်အတွက် ဝမ်းမြောက်ကြောင်း၊ အသင်းကြီးသည် အမျိုးသားရေးအကျိုးစီးပွားကို သယ်ပိုးဖော်ဆောင်ရန် ဖွဲ့စည်းထားသော အသင်းကြီးဖြစ်ကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ယခုထက် အရှိန်အဟုန် မြှင့်ဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့နယ်အတွင်းရှိ အသင်းအဖွဲ့များက မိမိတို့အသင်းအလိုက် ဆောင်ရွက်ပြီးစီးမှုများကို တင်ပြကြသည်။ ဆက်လက်ပြီး ကျေးရွာအုပ်စု ငါးအုပ်စုမှ အသင်းဝင် အဆိုပြုလွှာ ၇၅၀ ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံပြီး သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ပံ့ပိုးငွေများကို ပေးအပ်ရာ မြို့နယ်အတွင်းရေးမှူးက လက်ခံသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက် ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။ ရှေးဦးစွာ မြို့နယ်အတွင်းရေးမှူးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင်က ဆွေးနွေးမှာကြားရာတွင် လူငယ်ထု အကျိုးပြုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်၊ လူငယ်လူရွယ်များအတွက် နွေရာသီသင်တန်းများဖွင့်လှစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဝါးတန်းလမ်းမှ မဟာသန္တိသုခ ကျောင်းတွင် ရဟန်းခံ၊ ရှင်ပြုကြသော ဒုလ္လဘ ရဟန်းကြီး ဦးဓမ္မပီယ၊ ဦးကုမာရနှင့် ကိုရင်လေး အရှင်ပညာသိပ္ပ တို့က မိမိတို့အား လှူဒါန်းကြသည့် အလှူငွေကျပ် ၂၂၉၈၅၀ ကို စုပေါင်းကာ ကျောင်းတော်ကြီးဝင်း၌ အသစ်ဆောက်လုပ်မည့် ဝိသာခါနှစ်ထပ်ကျောင်းဆောင်အတွက် ပြန်လည်လှူဒါန်းကြရာ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတ မထေရ်မြတ်က အနုမောဒနာ ရေစက်ချချီးမြှင့်ပြီး ဂေါပက အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က လက်ခံ၍ ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က-ပ)

ခပေါင်းနှင့် ပသိရေအားလျှပ်စစ် စီမံကိန်းများ

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

မိုးမကျမီ အားသွန်ခွန်စိုက်လုပ်ကိုင်ကြရန် မှာကြား

နေပြည်တော် မေ ၇

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်ကိုးရွှေနှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ ၅ရက် နံနက်ပိုင်းက အုတ်တွင်းမြို့ အနောက်ဘက် ၁၅မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ခပေါင်းရေအား လျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးက စီမံကိန်းမှ တာဝန်ခံအင်ဂျင်နီယာများ၊ စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်နေကြသော တရုတ်ပညာရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ဝန်ကြီးအား စီမံကိန်းလက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းက ရာနှုန်းပြည့် တည်ဆောက်ပြီးစီးနေသော ရေယူအဆောက်အအုံ၊ ရေထိန်းတံခါးပြွန်နှင့် ရေသွယ်ဥမင်လိုဏ် လုပ်ငန်းနှင့် ဆောင်ရွက်ဆဲဖြစ်သော ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း၊ စက်ရုံရေထုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းတို့ကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များကို စီမံကိန်းညွှန်ကြားရေးမှူး ဦးမော်သာထွေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြားဖြည့်ဆည်းပေး

ထို့နောက် စက်မှုနှင့် လျှပ်စစ် ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဓာတ်အားပေးစက်ရုံအတွက် ပစ္စည်းများ ရောက်ရှိမှု၊ စက်ရုံတည်ဆောက်ရန် မြေကြီးကျောက်သားတူးဖော်ခြင်းနှင့် ကွန်ကရစ် လုပ်ငန်းပိုင်းတွင် ရာခိုင်နှုန်း ၇၀ ပြီးစီးမှု၊ ၂၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သော စက်တပ်ဆင်မှုလုပ်ငန်းနှင့် ဆက်လက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ စက်ယန္တရားများဖြင့် စက်ရုံရေထုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

၈၄ ရာခိုင်နှုန်းပြီးစီး

ယခုအခါ ခပေါင်းရေအားလျှပ်စစ် စီမံကိန်းသည် လုပ်ငန်းတစ်ခုလုံး၏ ၈၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ စီမံကိန်းပြီးစီးပါက စုစုပေါင်း စက်တပ်ဆင် အင်အား မဂ္ဂါဝပ် ၃၀မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ခန့် ထုတ်လုပ်ပေးမည့် ရေအားလျှပ်စစ် စီမံကိန်း တစ်ခုဖြစ်သည်။

ပသိရေအားလျှပ်စစ်စီမံကိန်း

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တောင်ငူမြို့ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ ပသိချောင်းတမံအနီး၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ပသိရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ စီမံကိန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဇော်က ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေသည့် စီမံကိန်းအကြို တည်ဆောက်မှုလုပ်ငန်း၊ စက်မှုနှင့် လျှပ်စစ်တပ်ဆင်ခြင်း လုပ်ငန်းတွင် ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးနေသော Penstock Pipe ၏ Blind Cover ဖွင့်ခြင်းလုပ်ငန်း၊ Penstock Pipe Butterfly Valve (Intake) တပ်ဆင်ခြင်းလုပ်ငန်း၊ ၃၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သော စက်ရုံ တည်ဆောက်မှုလုပ်ငန်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာက ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပြန်လည်မေးမြန်းဆွေးနွေး၍ လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းနှင့် ရောက်ရှိနေသော စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်

ယခုအခါ ပသိရေအား လျှပ်စစ် စီမံကိန်းသည် လုပ်ငန်းတစ်ခုလုံး၏ ၃၆ဒသမ၉ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ စီမံကိန်းပြီးစီးပါက စုစုပေါင်း စက်တပ်ဆင် အင်အား ၂ မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ သန်းပေါင်း ၈ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ဝန်ကြီးသည် စီမံကိန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌ စီမံကိန်း အသီးသီးမှ တာဝန်ရှိသူများအား စီမံကိန်းများကို သတ်မှတ်ကာလထက် စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အရည်အသွေး ဂရုစိုက်ရေး၊ အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းသုံးယာဉ်နှင့် ယန္တရားများ စနစ်တကျ ကိုင်တွယ်မောင်းနှင် ထိန်းသိမ်းရေး၊ မိုးမကျမီ လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ကိုင်ကြရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားပြီးနောက် စီမံကိန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှု(၁)ဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ပြင်ဦးလွင်၌ ကျင်းပ

ရန်ကုန် မေ ၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ကျောက်တိုင်ကွင်း၌ ကျင်းပရာ ပြင်ဦးလွင်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ခင်စိုးတို့က ဈေးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပြင်ဦးလွင် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန အောက်ရှိ စက်ရုံများမှ ဝန်ထမ်းများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လွတ်လပ်စွာရောင်းချပေး

ဈေးပွဲတော်ကို မေ ၅ ရက်မှ ၁၁ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည၈ နာရီထိ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် အကန့်အသတ်မရှိ လွတ်လပ်စွာ လက်လီလက်ကား ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

၂၀၀၇ခုနှစ် အာဆီယံဆုတံဆိပ်များအစီအစဉ်အရ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်ပဏာမရွေးချယ်ထားသည့်

စက်ရုံ၊ အဆောက်အအုံများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

နေပြည်တော် မေ ၇

၂၀၀၇ခုနှစ် အာဆီယံဆုတံဆိပ်များ အစီအစဉ်အရ စက်ရုံများနှင့် အဆောက်အအုံများတွင် အကောင်းဆုံးစွမ်းအင်စီမံခန့်ခွဲမှုပြိုင်ပွဲ၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာ အသုံးပြုကြသော အဆောက်အအုံများပြိုင်ပွဲနှင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်အသုံးချရေးစီမံကိန်း ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲရွေးချယ်စိစစ်ရေး အမျိုးသားကော်မတီက ပဏာမရွေးချယ်ထားသည့် စက်ရုံများ၊ အဆောက်အအုံများနှင့် စီမံကိန်းတို့အား ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို မေ ၅ရက် မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သုံးသပ်တင်ပြ

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲရွေးချယ် စိစစ်ရေး အမျိုးသားကော်မတီတွဲဖက်အတွင်းရေးမှူး ဦးဝင်းခိုင်က ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် စက်ရုံများ၊ အဆောက်အအုံများနှင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်အသုံးချရေး စီမံကိန်းတို့၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးမြင့်က မြန်မာနိုင်ငံက ပြိုင်ပွဲဝင်ရောက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအပေါ် သုံးသပ်တင်ပြသည်။

ဂုဏ်ပြုလွှာပေးအပ်

ယင်းနောက် ၂၀၀၇ခုနှစ် အာဆီယံဆုတံဆိပ်များ အစီအစဉ်ပြိုင်ပွဲများသို့ ဝင်ရောက် ယှဉ်ပြိုင်ကြသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ လက်ခံရရှိကြသည့် အဖွဲ့အစည်းများ ကိုယ်စား Fame ဆေးဝါးစက်ရုံမှ အထွေထွေမန်နေဂျာ ဦးတင်မောင်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားမှသာ လူ့ဘောင်အဖွဲ့အစည်း၏ လူမှုအရည်အသွေးမြင့်မားလာမည် နိုင်ငံ့အကျိုးပြု လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာရေး အဆင့်မြင့်ပညာကဏ္ဍကို အောင်မြင်စွာကျော်ဖြတ်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၆၁) သင်တန်းဖွင့်ပွဲတွင် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

● ရွှေဖုံးမှ

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါတွင် ပညာရေးကဏ္ဍအနေနှင့် အမျိုးသားပညာရည်မြင့်မားရေးဆိုသည့် အမျိုးသားရေးဦးတည်ချက်နှင့်တကွ အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာစေရေးဆိုသည့် မြန်မာ့ပညာရေးမျှော်မှန်းချက်တို့ကိုချမှတ်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ချမှတ်ဆောင်ရွက်

ယင်းသို့ မွန်မြတ်မြင့်မားပြီး အလွန်ကျယ်ဝန်းနက်ရှိုင်းသည့် မျှော်မှန်းချက်များ ချမှတ်ပြီး စီမံဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုများ၊ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးအကျိုးစီးပွားအခြေခံသည့် ပညာရေးဆိုင်ရာမူဝါဒများ၏ လမ်းညွှန်ထိန်းကျောင်းမှုအောက်တွင် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဆရာ ဆရာမများကိုယ်တိုင် နှစ်စဉ် ဆွေးနွေးနှီးနှောဖလှယ်ပြီးမှ အလွန်အခြေခံခိုင်ခံ့သည့် ပညာရေးစီမံကိန်းများ၊ စီမံချက်များ၊ လုပ်ငန်းစဉ်များကို လက်တွေ့ကျကျ အဆင့်ဆင့်ချမှတ်ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း။

မိမိတို့ တပ်မတော်အစိုးရ နိုင်ငံတော်၏တာဝန် ယူခဲ့ရပြီးနောက်တွင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများအားလုံးတွင် ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ ညီညီမျှမျှ တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန် ဒေသအတွင်းမှာပင် အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းများ ပေါ်ထွန်းလာစေရန်၊ တစ်နိုင်ငံလုံး၌ သင်ကြားမှု သင်ယူမှုအရည်အသွေး တစ်ပြေးညီရရှိနိုင်စေမည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများ တည်ဆောက်ပေးနိုင်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ဆင့်ကဲဆင့်ကဲချမှတ်ပြီး တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ဖြန့်ကြက်ဖြစ်ထွန်းနေ

ယင်းသို့ ရည်မှန်းချက်ရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံနှင့်အဝန်းတွင် သင်ကြားမှု သင်ယူမှုအခွင့်အလမ်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက်ဖြစ်ထွန်းနေပြီဖြစ်သည့် အခြေအနေတွင် အရေအတွက်ပိုင်းထက် အရည်အသွေးပိုင်းကို အလေးပေးဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ခြင်းကြောင့် ပညာရေး အရည်အသွေးမြှင့်တင်ရေးအပိုင်းကို ဦးစားပေးဆောင်ရွက်သွားကြရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရည်မြင့်မားရေးနှင့်သင်ကြားမှု သင်ယူမှုအရည်အသွေးမြှင့်တင်ရေးကို ယနေ့ ပညာရေးလောက၏ အဓိကတာဝန်အဖြစ်ခံယူပြီး လိုက်လျောညီထွေစွာ စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပညာရည် အရည်အသွေးမြှင့်တင်ရေးအပိုင်းတွင် နိုင်ငံတော်အကြီးအကဲ ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များအနက်–

- **ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝထက်မြက်စေရေးနှင့်**
- **သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရန်**

ဆိုသည့် လုပ်ငန်းစဉ်များသည် အဓိက အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

ရေးဆွဲချမှတ်

သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ မြှင့်တင်ရေးအပိုင်းတွင် ၁၉၉၈–၁၉၉၉ ပညာသင်နှစ်ကစတင်ပြီး မူလတန်းအဆင့်ကစ၍ အဆင့်ဆင့်ပြုပြင်ပြင်ဆင်မြှင့်တင်ပေးခဲ့ရာတွင် ယခုနှစ် ဧပြီလအတွင်း ကျင်းပခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲတွင် အခြေခံပညာကဏ္ဍအတွက်ရော၊ အဆင့်မြင့်ပညာကဏ္ဍအတွက်ပါ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ ရေးဆွဲချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝထက်မြက်စေရေးအပိုင်းမှာဆိုလျှင်လည်း အခြေခံပညာအဆင့်အလိုက် သင်ကြားမှုဆိုင်ရာ မွမ်းမံသင်တန်းများ၊ ဘာသာရပ်အလိုက် ပညာရပ်ဆိုင်ရာ သင်ကြားမှုမွမ်းမံသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိသကဲ့သို့ အထက်တန်းပညာအဆင့်၌ ဘာသာရပ်အလိုက် သက်ဆိုင်ရာ ဘွဲ့ရဆရာ ဆရာမများဖြင့်သာ သင်ကြားနိုင်စေရေးနှင့် ဂုဏ်ထူးတန်းဘွဲ့နှင့် မဟာဘွဲ့ရ ဆရာ ဆရာမများဖြင့် အားဖြည့်သင်ကြားနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းကို တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများသည် ဂုဏ်ထူးတန်းဘွဲ့နှင့် မဟာဘွဲ့ရ ဆရာ ဆရာမများ အားဖြည့်ခန့်ထားရေးအစီအစဉ်အရ လုပ်ငန်းခွင်ထဲ ဝင်ရောက်ကြတော့မည့် ဆရာ ဆရာမများဖြစ်သည်ဟု သိရကြောင်း။

ခံယူထားကြ

ထို့ကြောင့် ယနေ့ သင်တန်းတက်ရောက်လာကြသည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့သည် ကျောင်းသူ ကျောင်းသားများကို စာပေပညာ သင်ကြားပို့ချပေးမှုတာဝန်သက်သက်သာမက နိုင်ငံတော်အတွင်း၌ ဖြန့်ကြက်ဖြစ်ထွန်းနေပြီဖြစ်သည့် ပညာသင်ယူနိုင်မှုအခွင့်အလမ်းကောင်းများကို အရည်အသွေးပိုင်းဆိုင်ရာ မြင့်မားလာစေရအောင် မြှင့်တင်ပေးရမည့် **“အခြေခံပညာအရည်အသွေးမြင့်မားရေး”**လုပ်ငန်းတာဝန်အတွက်ပါ အဓိကတာဝန်ရှိသူများဖြစ်သည်ဟု ခံယူထားကြရန်လိုကြောင်း။

ယင်းပညာရည် အရည်အသွေးမြင့်မားရေးလုပ်ငန်းတာဝန်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်အလျောက် နိုင်ငံတော်အစိုးရ၏ ပညာရေးဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်တစ်ခုအဖြစ် ခံယူကြရမှာဖြစ်ကြောင်း၊ ကြီးလေးသည့် လုပ်ငန်းတာဝန်ကြီးကို နိုင်ငံတော်က မိမိတို့အပေါ် ယုံကြည်အားထားစွာ အပ်နှင်းလိုက်ခြင်းလည်းဖြစ်သည့်အတွက် မိမိတို့တွင် နိုင်ငံတော်က သီးသီးသန့်သန့်အပ်နှင်းလိုက်သည့် Missionတစ်ရပ်၊ လုပ်ငန်းတာဝန်တစ်ရပ်ရှိသည်ဆိုသည်ကို အမြဲမပြတ်သတိချပ်ပြီး ရည်မှန်းချက်ပြည့်မြောက်သည်အထိ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

လေ့ကျင့်ပျိုးထောင်

အခြေခံပညာကဏ္ဍ၌ ပညာရည်အရည်အသွေး မြှင့်တင်ရေးအစီအမံများ ဆောင်ရွက်နေသည့်နည်းတူ အဆင့်မြင့်ပညာကဏ္ဍမှာလည်း စီမံဆောင်ရွက်နေပြီဖြစ်သည့်အတွက် မိမိတို့၏တပည့် ကျောင်းသူ ကျောင်းသားလူငယ်များကို အမှန်တကယ် ပညာရည်မြင့်မားပြီး အဆင့်မြင့်ပညာကဏ္ဍတွင် အလိုက်သင့် ချိတ်ဆက်သင်ယူနိုင်စေရအောင် ဝါယမစိုက်ထုတ်ပြီး လေ့ကျင့်ပျိုးထောင်ပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

ယနေ့ မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာကဏ္ဍသည် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းစဉ်များ၏ အကျိုးကျေးဇူးကြောင့် ဂုဏ်ထူးတန်းဘွဲ့၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ တိုးပွားဖြစ်ထွန်းလာခဲ့သကဲ့သို့ ယင်းသင်တန်းများမှာလည်း ပညာရပ်မျိုးကွဲများ၊ ပေါင်းစပ်ဘာသာရပ်များ၊ နိုင်ငံတကာ၌ ပေါ်ထွန်းလာနေသည့် ပညာရပ်အသစ်များကို နိုင်ငံတကာအဆင့်မီ သင်ကြားပေးနိုင်နေပြီဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

ထို့အပြင် ခေတ်မီဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ စက်ရုံအလုပ်ရုံများ၊ ဓာတ်ခွဲခန်းများ၊ အဆင့်မြင့်သုတေသနစခန်းများ၊ အဆင့်မြင့်စာကြည့်တိုက်များ၊ e-Libraryများ စသည့် ခေတ်မီပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်ပြည့်စုံစုံနှင့် တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ဆရာ ဆရာမတို့ကိုယ်တိုင်ကလည်း ယင်းသို့ တိုးတက်ဖြစ်ထွန်းလာနေသည့် ပညာရေးဆိုင်ရာ အခြေခံကောင်းများ၊ ပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများက ပြုစုပျိုးထောင်မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း။

ယှဉ်တွဲတွေးဆ

ထို့ကြောင့် မိမိတို့၏ တပည့် ကျောင်းသူ ကျောင်းသားလူငယ်များကို မိမိတို့ကဲ့သို့ ပညာရည် အရည်အသွေးပြည့်မီသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာသည်အထိ အဆင့်မြင့်ပညာများ အောင်အောင်မြင်မြင် ဆက်လက်လေ့လာသင်ယူနိုင်စေရအောင်နှင့် အဆင့်မြင့်ပညာကဏ္ဍတွင် ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြတ်သန်းနိုင်စေရအောင် ကိုယ်တွေ့ အတွေ့အကြုံများနှင့် ယှဉ်တွဲတွေးဆပြီး ပြုစုပျိုးထောင်ပေးနိုင်လိမ့်မည်ဟု နိုင်ငံတော်က ယုံကြည်ထားကြောင်း။

ယနေ့ပညာရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပညာရေး၏ ရည်မှန်းချက်များသည်လည်း ခေတ်နှင့်အညီ ပြောင်းလဲနေပြီဖြစ်ကြောင်း၊ ပညာရေးသည် ယခင်ခေတ်ကာလကလို သတင်းအချက်အလက် မျှဝေပေးရုံမျှနှင့်မလုံလောက်တော့ဘဲ အသိဉာဏ်ပညာ ဖွံ့ဖြိုးလာအောင် စေ့ဆော်လေ့ကျင့်ပေးရမည့်ခေတ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် ခေတ်ကာလကြီးတွင် အသိဉာဏ်ပညာကို ပိုင်ဆိုင်စေပြီး အမြဲမပြတ် လေ့လာသင်ယူနေမှသာ ရှင်သန်ရပ်တည်နိုင်မည့်အချိန်အခါကို ရောက်ရှိနေပြီလည်း ဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာရပ်များ တတ်သိကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးရင်း အခြားတစ်ဖက်မှာလည်း မြန်မာလူမျိုးတို့၏ အမျိုးသားရေး စရိုက်လက္ခဏာနှင့် လူမှုတန်ဖိုးများဖြစ်သည့် ရိုးသားဖြူစင်သည့် စိတ်ဓာတ်၊ ယဉ်ကျေးပျူငှာသည့် အမူအကျင့်၊ ဘာသာရေးကိုင်းရှိုင်းသည့် အစဉ်အလာ၊ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းတတ်သည့် အလေ့အထ၊ အများအကျိုးအတွက် စုပေါင်းဆောင်ရွက်ကြသည့် ဓလေ့စရိုက်၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားမြင့်မားမှုကို အခြေခံသည့် ကိုယ်ရည်ကိုယ်သွေးများ မျိုးဆက်သစ်လူငယ်များတွင် ပျောက်ဆုံးမသွားစေရအောင် အလေးထားပျိုးထောင်ပေးကြရန် လိုအပ်။

လေ့ကျင့်ပေး

အသိဉာဏ်ပညာ ဖွံ့ဖြိုးအောင်၊ အသိဉာဏ်ပညာကို အပြုသဘောသုံးနိုင်အောင်၊ စဉ်းစားတွေးခေါ်နိုင်သူ၊ စွမ်းဆောင်နိုင်သူ၊ လူ့အဖွဲ့အစည်းအတွက် တာဝန်ယူနိုင်သူဖြစ်လာအောင် လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း။

ယှဉ်ပြိုင်မှုအားကောင်းလှသည့် ယနေ့ခေတ်ကာလတွင် လေ့လာသင်ယူမှုကို ရပ်တန့်နေ၍ မရနိုင်တော့ဘဲ သင်ယူမှု အားထုတ်မှုနယ်ပယ်ကို အမြဲတိုးချဲ့နေနိုင်စေရန် ဆရာနှင့် တပည့် ပူးပေါင်းလက်တွဲ ကြိုးစားဆောင်ရွက်ရမည့် အချိန်အခါလည်းဖြစ်ကြောင်း။

ထို့ကြောင့် ခေတ်နှင့်အညီ ပေါ်ထွန်းလာသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူအသုံးချနိုင်ပြီး အသိဉာဏ် အမြော်အမြင်တို့နှင့် ပြည့်စုံသည့်အပြင် အမြဲရှင်သန်နေသည့် ပညာရေးပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်စေရန် ရည်မှန်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ယင်းသို့ သင်ယူမှုကိုအားပေးသည့် သင်ကြားမှုဖြစ်စေရေးဆိုရာတွင် ဆရာများ၏ အရည်အသွေး၊ စိတ်ဓာတ်၊ စေတနာနှင့် အားထုတ်မှုတို့သည် လွန်စွာမှ အရေးပါကြောင်း။

လေ့လာဆန်းစစ်

ကျောင်းသူ ကျောင်းသားတစ်ဦးချင်း၏ ဝါသနာ၊ ဗီဇ၊ ကိုယ်ရည်ကိုယ်သွေး၊ အားထုတ်ကြိုးစားမှုတို့နှင့် အလားအလာတို့ကိုဖော်ထုတ်ပြီး သန်ရာသန်ရာ ပညာရပ်အလိုက် အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်နိုင်စေရေးအတွက် ဆရာ ဆရာမများကိုယ်တိုင်က ကျောင်းသူ ကျောင်းသားတစ်ဦးချင်းစီကို စေတနာထား လေ့လာဆန်းစစ် သွန်းသင်လေ့ကျင့်ပေးကြရန် လိုအပ်ကြောင်း။

တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှု၊ အားထုတ်မှု၊ သင်ယူလေ့လာနိုင်မှုစွမ်းအားကောင်းများကို မြှင့်တင်ပေးပြီး ယင်းအရည်အသွေးကောင်းများကို ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေးဆိုင်ရာ ကွန်ရက်စနစ်များ၏ စွမ်းအားနှင့် ပိုမိုမြင့်မားထက်မြက်သည့် စွမ်းရည်များဖြစ်လာစေရအောင် ကျောင်းသူ ကျောင်းသားများကိုယ်တိုင်က အားထုတ်လုပ်ဆောင်နိုင်စေသည့် အခွင့်အလမ်းများ ဆရာ ဆရာမတို့က ဖန်တီးပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေးဆိုင်ရာ ကွန်ရက်စနစ်များ ဖန်တီးပေးထားပြီးဖြစ်သည့်အတွက် ဆရာ ဆရာမတို့အနေနှင့် လေ့လာသင်ယူမှုနည်းပညာသစ်များ၊ အခြေခံအဆောက်အအုံများကို ကျောင်းသူ ကျောင်းသားလူငယ်များ ထိရောက်စွာအသုံးချနိုင်စေရအောင်၊ အသုံးချတတ်စေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

အရည်အသွေးပိုင်ဆိုင်

နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများအပြင် ခေတ်မီသင်ကြားမှု သင်ယူမှုနည်းပညာသစ်များ၊ ခေတ်မီအီလက်ထရွန်နစ် သင်ထောက်ကူပစ္စည်းများ၊ ကွန်ရက်များကို အသုံးပြုလေ့လာသင်ယူနိုင်စေရအောင် လေ့ကျင့်ပျိုးထောင်ပေးပါမှ အမှန်တကယ် အဆင့်အတန်းမြင့်မားသည့် ပညာရည် အရည်အသွေးကို ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း။

မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားမှသာ နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်း၏ ဘဝအဆင့်အတန်းမြင့်မားမှာဖြစ်သကဲ့သို့ လူ့ဘောင်အဖွဲ့အစည်း၏ လူမှုအရည်အသွေးလည်းမြင့်မားပြီး နိုင်ငံတော်ကြီးလည်း တည်ငြိမ်အေးချမ်းစွာ သာယာဝပြော တိုးတက်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် ပညာရည်မြင့်မားသည့် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရေးတို့သည် အပြန်အလှန် အထောက်အကူပြုလျက်ရှိကြောင်း။

ပညာရည်အရည်အသွေးမြင့်မားသည့် မျိုးဆက်သစ်များသည် ပိုမိုတိုးတက်ကောင်းမွန်သည့် လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး ရည်မှန်းချက်များ အောင်မြင်အကောင်အထည်ပေါ်အောင် ဖန်တီးဖော်ဆောင်ပေးကြမည့် အဓိကအရင်းအမြစ် စွမ်းအားစုများပင်ဖြစ်ကြောင်း။

ပေါင်းစည်းပေး

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏တပည့် ကျောင်းသူကျောင်းသားလူငယ်များ၏ ဘဝရှေ့ရေးမျှော်မှန်းချက်များ၊ လိုလားချက်များ၊ တန်ဖိုးထားမှုများ၊ အလားအလာများကိုသိမြင်ပြီး နိုင်ငံ့လိုအပ်ချက်များနှင့် သဟဇာတဖြစ်အောင် ပေါင်းစည်းပေးရင်း နိုင်ငံ့အကျိုးပြု အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရအောင်၊ အဆင့်မြင့်ပညာကဏ္ဍကို အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ပြီး ပညာရည်အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရအောင် စေတနာရှေ့ထား လေ့ကျင့်ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာရပ်များ တတ်သိကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးရင်း အခြားတစ်ဖက်မှာလည်း မြန်မာလူမျိုးတို့၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့် လူမှုတန်ဖိုးများဖြစ်သည့် ရိုးသားဖြူစင်သည့် စိတ်ဓာတ်၊ ယဉ်ကျေးပျူငှာသည့် အမူအကျင့်၊ ဘာသာရေးကိုင်းရှိုင်းသည့် အစဉ်အလာ၊ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းတတ်သည့် အလေ့အထ၊ အများအကျိုးအတွက် စုပေါင်းဆောင်ရွက်ကြသည့် ဓလေ့စရိုက်၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားမြင့်မားမှုကို အခြေခံသည့် ကိုယ်ရည်ကိုယ်သွေးများ မျိုးဆက်သစ်လူငယ်များတွင် ပျောက်ဆုံးမသွားစေရအောင် အလေးထား ပျိုးထောင်ပေးကြရန် လိုအပ်ကြောင်း။

ရိုင်းပင်းကူညီ

ယနေ့အချိန်အခါတွင် အမျိုးသားရေး အကျိုးစီးပွားကို ဆန့်ကျင်ဖျက်ဆီးနေကြသည့် အဖျက်အမှောင့်သမားများသည် ၎င်းတို့၏ တဒင်္ဂ အကျိုးစီးပွားသက်သက်ကိုသာကြည့်ပြီး အလွန်လေးစားမြတ်နိုးဖွယ်ကောင်းလှသည့် မြန်မာ့ဓလေ့စရိုက်အစဉ်အလာများကို ဖျက်လိုဖျက်ဆီး လုပ်ဆောင်လျက်ရှိကြကြောင်း၊ ယင်းအဖျက်အမှောင့်သမားများသည် ပရဟိတအကျိုးအတွက် ရပ်ရေး ရွာရေးတွင် စုပေါင်းဆောင်ရွက်တတ်သည့် မြန်မာ့ဓလေ့အစဉ်အလာကောင်းများကို အခမဲ့လုပ်အားပေးစေခိုင်းမှုများအဖြစ် အရောင်ဆိုးနေကြခြင်းများ၊ တစ်ဦးနှင့် တစ်ဦး ရိုင်းပင်းကူညီကြသည့် လူမှုကရုဏာလုပ်ငန်းများကို နိုင်ငံရေး အမြတ်ထုတ်လုပ်ဆောင်နေကြခြင်းများ၊ အေးချမ်းသည့် ဘုရားရိပ် တရားရိပ်တွင် ဆူဆူပူပူ ရုတ်ရုတ်သဲသဲဖြစ်အောင် နိုင်ငံရေးပယောဂ စွက်ဖက်လုပ်ဆောင်နေကြခြင်းများ စသည့် ဖျက်လိုဖျက်ဆီးလုပ်ငန်းများကို အလေ့အထတစ်ရပ်ကဲ့သို့ လုပ်ဆောင်လျက်ရှိနေကြောင်း။

ယင်းသို့ မြန်မာ့ဓလေ့အစဉ်အလာကောင်းများကို ဖျက်ဆီးနေခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် နောင်မျိုးဆက် အဆက်ဆက်တိုင် ထိခိုက်နစ်မွန်းစေမည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

အနှောင့်အယှက်ပေးနေ

အလားတူပင် ပြည်တွင်းပြည်ပက အဖျက်အမှောင့်သမားတချို့သည် နိုင်ငံနှင့် လူမျိုး၏မျက်နှာကို မကြည့်ဘဲ နိုင်ငံတော်အစိုးရ ဆောင်ရွက်ချက်မှန်သမျှ ဖျက်လိုဖျက်ဆီးလုပ်မည်ဆိုသည့် ဆိုးညစ်သည့်စိတ်ထားနှင့် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို အနှောင့်အယှက်ပေးနေသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးအောင်မြင်ဖြစ်ထွန်းမှုနှောင့်နှေးအောင် နိုင်ငံတကာတွင် လှည့်လည်ပြီး ပိတ်ဆို့တားဆီးခြင်းများ တောင်းဆိုလုပ်ဆောင်လျက် ရှိနေကြကြောင်း။

ဤသည်မှာ နိုင်ငံနှင့်လူမျိုး၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးသည့် အဖျက်လုပ်ရပ်များပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရဆိုသည်မှာ မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရန်၊ မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရန် စေတနာထား ဆောင်ရွက်ကြသည်ချည်းပင်ဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းတစ်ပါး၏ ဩဇာခံဘဝနှင့် ပေးကမ်းချီးမြှောက်မှုကို မျှော်ကိုးဆောင်ရွက်ကြသည့် အစိုးရမျိုးရှိသကဲ့သို့၊ မိမိ ခြေထောက်ပေါ် မိမိ ခိုင်ခိုင်မာမာရပ်တည်ပြီး မိမိနိုင်ငံသူ နိုင်ငံသားများ၏ လုံ့လဝီရိယစွမ်းအားဖြင့်သာ ကြိုးပမ်းဆောင်ရွက်သည့် အစိုးရမျိုးလည်းရှိကြောင်း။

ကြိုးစားအားထုတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ပြည်တွင်းပြည်ပ စွက်ဖက်နှောင့်ယှက်မှုများကို ရင်ဆိုင်တွန်းလှန်ရင်း မိမိနိုင်ငံသူ နိုင်ငံသားများ၏ စွမ်းအားကိုသာ ယုံကြည်အားကိုးပြီး မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ဖြောင့်မတ်မှန်ကန်စွာ ကြိုးစားအားထုတ်လျက်ရှိကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်စုံ ကဏ္ဍစုံတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ၌ တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ အမြဲထာဝရတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်စေရန်ဆိုသည့် ရည်မှန်းချက်ကိုသာ အဓိကအကျဆုံး အန္တိမရည်မှန်းချက်အဖြစ်ထားရှိပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုအားလုံးသည် ယင်းအခြေခံ အကြောင်းတရားပေါ်၌သာ မူတည်လျှပ်ရှားဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အတိမ်းအစောင်းမခံဘဲ ထာဝစဉ်စောင့်ရှောက်ထိန်းသိမ်းနိုင်စေရေးနှင့် ပြည်သူအများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန် ဦးတည်ချက်ရှိရှိ ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ရရှိခံစားနေရ

ယနေ့အခြေအနေကိုကြည့်လျှင် တိုင်းရင်းသားပြည်သူ အားလုံးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ညီညီညွတ်ညွတ်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းဆောင်ရွက်နေသည့် အလေ့အကျင့်ကောင်း၊ အစဉ်အလာကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းသာယာနေသကဲ့သို့ နိုင်ငံ၏စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများသည်လည်း တစ်နှစ်ထက်တစ်နှစ် မှန်မှန်ချည်းတိုးတက်မြင့်မားလာနေခြင်းကြောင့် အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ရရှိခံစားနေရပြီလည်းဖြစ်ကြောင်း။

ယင်းသို့ရရှိဖြစ်ထွန်းနေသည့် အခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ၏ စွမ်းအားကိုအခြေခံပြီး နိုင်ငံတော် အစဉ်ထာဝရတည်ငြိမ်အေးချမ်းသာယာအောင်၊ နိုင်ငံတော်၏ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ လူမှုရေးဘဝ အခြေခံများ တိုးတက်မြင့်မားအောင်နှင့် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ရည်မှန်းချက်နှင့်အညီ ပေါ်ထွန်းလာစေရအောင် ပြည်သူများ၏ စည်းလုံးညီညွတ်မှုကိုအခြေခံသော အမျိုးသားရေးစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

အန္တိမ ရည်မှန်းချက်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် နယ်ပယ်စုံ ကဏ္ဍစုံတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ၌ တိုင်းရင်းသား ပြည်သူများ၏အကျိုးစီးပွားကို မျက်ခြည်ပြတ် မခံဘဲ အမြဲထာဝရ တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်မြှင့်တင် ပေးနိုင်စေရန်ဆိုသည့် ရည်မှန်းချက်ကိုသာ အဓိကအကျဆုံး အန္တိမ ရည်မှန်းချက်အဖြစ်ထားရှိပြီး ဆောင်ရွက်နေခြင်းဖြစ်။

ဖန်တီးဖော်ဆောင်

မိမိနိုင်ငံ မိမိလူမျိုး၏ ရေရှည်အနာဂတ် အကျိုးစီးပွားအတွက် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများ၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားကိုအခြေခံပြီး အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရသည့် အချိန်အခါတွင် မိမိပြည်သူတစ်ရပ်လုံး၏ ပညာရည်မြင့်မားမှု၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေမှု၊ နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့်နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူအသုံးပြုနိုင်မှု စသည့် စွမ်းအားကောင်းများ ဖြစ်ထွန်းနေစေရန် ပညာရေးကဏ္ဍက ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍက ဖန်တီးဖော်ဆောင်ပေးရမည့် အမျိုးသားရေးတာဝန်များ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် အာမခံပေးနိုင်သည့် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း၊ စီမံချက်နှင့် လုပ်ငန်းစဉ်များလည်း အရန်သင့်ချမှတ်ထားပြီးဖြစ်ကြောင်း၊ ဆရာတိုင်း ဆရာမတိုင်း ပညာရေးကဏ္ဍက တာဝန်ရှိသူတိုင်းက နိုင်ငံတော်က ချမှတ်ပေးထားသည့် သက်ဆိုင်ရာ တာဝန်ဝတ္တရားများကို ကိုယ်စီကိုယ်စီ ကျေပွန်စွာဆောင်ရွက်ကြမည်ဆိုလျှင် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းလုပ်ငန်းများသည်လည်း မျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းလာမည် အမှန်ပင်ဖြစ်ကြောင်း။

တက်ညီလက်ညီ

စည်းစနစ်ကျနသော၊ စနစ်တကျချိတ်ဆက်ထားသော ပညာရေးလုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ဖြစ်ထွန်းရေးအတွက် ဆရာ ဆရာမများအားလုံး၊ ပညာရေးကဏ္ဍက တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **မိမိနိုင်ငံ မိမိလူမျိုး၏ အနာဂတ်ပြည့်စုံခိုင်မာရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရေးတို့ကို ဖန်တီးဖော်ဆောင်ပေးနိုင်မည့် အမျိုးသားပညာရည်မြင့်မားမှုစွမ်းအား ပြည့်ပြည့်ဝဝဖြစ်ထွန်းလာစေရအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး အခြေခံကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်ရေးအတွက် ပြည်သူများ၏ အမျိုးသားရေး အသိအမြင် နိုးကြားခိုင်မာစေရအောင် မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တတ်သည့် စွမ်းရည်နှင့် စိတ်ဓာတ်ပြည့်ဝခိုင်မာစေရအောင် ပညာရေးကဏ္ဍကတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါ**

ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီး

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ အခြေခံပညာ ဆရာ ဆရာမ ၁၁၂၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ဖြစ်သည်။ **(သတင်းစဉ်)**

ဟော်ကီနည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၇

အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်(FIH)နှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဟော်ကီနည်းပြသင်တန်း (Nation Coaching Course) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ နိုင်ငံတကာအဆင့်မီ မြက်ခင်းတု ဟော်ကီအားကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

တက်ရောက်

ရှေးဦးစွာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး ပါကစ္စတန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ အဆင့်(၁) ဟော်ကီနည်းပြ Mr.K.M Awais က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်မှ နည်းပြများ၊ တိုင်း/တပ်မ ဟော်ကီအသင်းများမှ နည်းပြများ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ကာယဆရာ ဆရာမများ တက်ရောက်ကြသည်။

ပါကစ္စတန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ အဆင့်(၁) ဟော်ကီနည်းပြဆရာသည် မေ ၅ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်၊ အမှုဆောင် ဦးအောင်သန်းနှင့် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး တပ်ကြပ်ကြီးနေထွန်းတို့က ကြိုဆိုကြသည်။ **(ယာပုံ)**

အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်၏ ထောက်ပံ့ရေးအစီအစဉ်အရ ရန်ကုန်မြို့သို့ရောက်ရှိလာသော Mr.K.M.Awais သည် ပါကစ္စတန်နိုင်ငံ အမျိုးသား ဟော်ကီလက်ရွေးစင်အသင်းတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ပြီး နိုင်ငံတကာ ဟော်ကီပြိုင်ပွဲများ၌ ရွှေ

တံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုများကို ဆွတ်ခူးနိုင်ခဲ့ကာ ပါကစ္စတန်နိုင်ငံ အမျိုးသမီး လက်ရွေးစင်အသင်း၏ နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်အပြင် "ဟော်ကီဆိုသည်မှာ" ဆိုသော ဟော်ကီအားကစားနည်းစနစ်ပိုင်းဆိုင်ရာ စာအုပ်တစ်အုပ်ကိုလည်း ရေးသားခဲ့၍ ယင်းစာအုပ်ကို မြန်မာဘာသာဖြင့် ရေးသားပြန်ဆို ထုတ်ဝေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်အား အသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် မေ ၇

၂၀၀၇ ခုနှစ် မေ ၇ ရက် မြန်မာစံတော်ချိန် ၁၈ နာရီ ၃၃ မိနစ် ၁၃ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၉၉၀ ခန့် ကွာဝေးသော (မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

ရေနံတင်သင်္ဘော

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့အနီး ဘိုဟိုင်းပင်လယ်၌ ရေနံတန်ချိန် သန်း ၃၀၀ တင်ဆောင်နိုင်သည့် တရုတ် ရေနံတင်သင်္ဘော တစ်စီးကို မေ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗန်ကောက်မြို့ ဗုံးပေါက်ကွဲမှု ရဲတပ်ဖွဲ့ စုံစမ်းဆဲရှိနေ

ဗန်ကောက် မေ ၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မေ ၅ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်ပြီး ဗန်ကောက်ရဲတပ်ဖွဲ့က တစ်စုံတစ်ရာ အထောက်အထား သဲလွန်စမရသေးကြောင်း၊ သို့သော်လည်း ဗန်ကောက်မြို့တွင်း၌ စုံစမ်းစစ်ဆေးရေးစခန်း ၈၄ခု ထားရှိပြီး စစ်ဆေးလျက်ရှိကြောင်း ဗန်ကောက်ရဲတပ်ဖွဲ့ အရာရှိကြီးတစ်ဦးက မေ ၆ ရက်၌ ပြောကြားသည်။

အဆိုပါ ဗုံးဖောက်ခွဲသူသည် ထိုင်းနိုင်ငံအတွင်း ဆူပူအုံကြွမှုဖြစ်စေရန်၊ မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ထိုင်းအမျိုးသားရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲ ဝှန်ရတ်ဂျူတာဒွတ်က ပြောကြားသည်။

ဆောင်ရွက်ပေး

ဗန်ကောက်မြို့တော်အုပ်ချုပ်ရေး အဖွဲ့အနေဖြင့် အလင်းရောင် မရရှိသော နယ်မြေများတွင် အလင်းရောင်ရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စဉ်းစားချင့်ချိန်

ထို့အပြင် ဗန်ကောက်မြို့တော်အုပ်ချုပ်ရေးအဖွဲ့က ယခု ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နယ်မြေအတွင်း တယ်လီဖုန်းရုံးများ နီးကပ်စွာထားရှိမှုကို ပြန်လည်စဉ်းစားချင့်ချိန်လျက်ရှိသည်။

မေ၅ရက်က ပေါက်ကွဲခဲ့သောဗုံးမှာ အများသုံးတယ်လီဖုန်းရုံအနီး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး တယ်လီဖုန်းရုံမှ မှန်ကွဲများက လူငယ်တစ်ဦးကို ထိမှန်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဗုံးဖောက်ခွဲသူနှင့် ပတ်သက်၍ ဗန်ကောက်ရဲတပ်ဖွဲ့က ရှာဖွေ စစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သီရိလင်္ကာ၌ ရေလွှမ်း ၁၁ ဦးသေဆုံး ၈၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်

ကိုလံဘို မေ ၇

သီရိလင်္ကာနိုင်ငံ အနောက်တောင်ပိုင်း ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် ၁၁ဦး သေဆုံးကာ ဒေသခံပြည်သူ ၅၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ ရေဘေးဒုက္ခကြုံတွေ့နေရသူများအား စာသင်ကျောင်းများနှင့် အခြားအဆောက်အအုံများ၌ နေထိုင်ခွင့်ပြုထားရကြောင်း သီရိလင်္ကာအရာရှိများက မေ ၅ ရက်၌ ပြောကြားသည်။

ပြောကြား

ကိုလံဘိုမြို့ဝန်းကျင်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မေ ၃ ရက်နှင့် ၄ ရက်များတွင် လမ်းအများ အပြားရေလွှမ်းမိုးမှု ဖြစ်ပေါ်ခဲ့သည်။ မိုးရွာသွန်းမှု ဆက်လက်ဖြစ်ပွားနေကြောင်းလည်း အဆိုပါ အရာရှိများက ပြောကြားသည်။

အိုးမဲ့အိမ်မဲ့ဖြစ်

သီရိလင်္ကာနိုင်ငံ အမျိုးသားသဘာဝ ဘေးဒုက္ခဆိုင်ရာ အရာရှိများက ပြောကြားရာတွင် ရေလွှမ်းမိုးမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ရသည့် ဒေသခံအရေအတွက်မှာ ၈၀၀၀၀ ခန့်ရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကန်တပ်ဖွဲ့ဝင်၁၂ဦး အီရတ်၌ တိုက်ခိုက်ခံရမှုကြောင့်သေဆုံး

ဘဂ္ဂဒက် မေ ၇

အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ သုံးရက်အတွင်း တိုက်ခိုက်ခံရမှုတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၂ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က မေ ၅ရက်တွင် ပြောကြားသည်။

ယင်းတို့သည် ဘဂ္ဂဒက် အနောက်ပိုင်း၌လည်းကောင်း၊ အန်ဘာပြည်နယ်၌လည်းကောင်း တိုက်ခိုက်မှုများခံရပြီး သေဆုံးခဲ့သည် ဟုဆိုသည်။ ယခုအခါ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၃၃၇၀ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ဘဂ္ဂဒက်မြို့နယ် အနောက်ပိုင်း ရဲစုဆောင်းရေးဌာန၌ မေ ၆ ရက်က အသေခံဗုံးခွဲ တိုက်ခိုက်ရာအနည်းဆုံး ရဲစုဆောင်းရေးတပ်သားကိုးဦး သေဆုံးပြီး ၁၃ ဦးဒဏ်ရာ ရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အသေခံဗုံးခွဲသူသည် ဘဂ္ဂဒက် အနောက်ဘက် ကီလိုမီတာ၂၀အကွာ အဘူဂါရက်၌ ဗုံးခါးပတ်၍ ရဲတပ်ဖွဲ့ဝင်များ တန်းစီနေစဉ်အတွင်း ဝင်ရောက်ဖောက်ခွဲတိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်မှ ကန်တပ်ဖွဲ့ဝင်များရုပ်သိမ်းပေးရေး သမ္မတဘုရှ်အား ဒီမိုကရက်အမတ်များ ဖိအားပေး

ဝါရှင်တန် မေ ၇

သမ္မတဘုရှ်ပယ်ချလိုက်သည့် ဥပဒေကြမ်းကို အစားထိုးရန် နောက်ထပ် စစ်သုံးစရိတ်ဥပဒေကြမ်း တစ်ခုရှာဖွေနေစဉ် အီရတ်၌အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးရေးအတွက် သမ္မတဂျော့ဒဗလျူဘုရှ်အား ဖိအားပေးမည်ဖြစ်ကြောင်း အမေရိကန်ကွန်ဂရက်မှဒီမိုကရက် ခေါင်းဆောင်များက ထုတ်ဖော် ပြောကြားလိုက်သည်။

ပြောကြား

ဤသည်မှာ အမေရိကန်ပြည်သူတို့၏ တိုက်ပွဲဖြစ်ကြောင်းကို သမ္မတဘုရှ်အား အကြောင်းကြား အသိပေးပြီး ၎င်းမှာ မိမိတို့ အမေရိကန်ပြည်သူများက တောင်းဆိုမှုဖြစ်ကြောင်း အမေရိကန် အောက်လွှတ်တော် နည်းစနစ်နှင့် နည်းလမ်းကော်မတီဥက္ကဋ္ဌ နယူးယောက် ဒီမိုကရက်တစ်အမတ် ရှေယ်ရန်ဂဲက စီဘီအက်စ် ရုပ်မြင်သံကြား အစီအစဉ်တွင် ပြောကြားလိုက်သည်။

ကိုင်လှုပ်

ဤကိစ္စနှင့် ပတ်သက်၍ အမေရိကန်ပြည်သူများကိုယ်စား မိမိတို့က အမေရိကန်သမ္မတအိမ်ဖြူတော်ကို ဖိအားပေး ကိုင်လှုပ်ကြရမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောဆိုသည်။

အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းမပေးမချင်း အမေရိကန် ကွန်ဂရက်က သမ္မတဘုရှ်အပေါ် ဖိအားပေးမှုကို လျှော့ချမည်မဟုတ်ဟုလည်း ၎င်းက ပြောကြားသည်။

ကျရောက်

သမ္မတဘုရှ်အပေါ် ပြည်သူတို့၏ ထောက်ခံမှုမှာ အီရတ်စစ်ပွဲနှင့် စပ်လျဉ်း၍ ယခုအခါတွင် ၂၈ရာခိုင်နှုန်းအထိ အနိမ့်ဆုံးသို့ ကျရောက်သွားပြီဖြစ်ကြောင်း နယူးဝိခ်မဂ္ဂဇင်း၏ ပြည်သူ့သဘောထားစစ်တမ်း ကောက်ယူချက်အရ သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အရှည်မီတာ ၁၀၀ ရှိသော မင်္ဂလာဝတ်စုံ

အရှည်မီတာ ၁၀၀ ရှိသော မင်္ဂလာဝတ်စုံကို ဆင်မြန်းလာသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ လက်ထပ်ပွဲများတွင် မင်္ဂလာ ဝတ်စုံများ ပိုမို ဆင်မြန်းနိုင်ကြရေး အတွက် ကြိုးစားမှုအဖြစ် ကိုယ်ဟန်ပြမယ်တစ်ဦးက အရှည်မီတာ ၁၀၀ရှိသော မင်္ဂလာဝတ်စုံကို ဆင်မြန်းကာ လှည့်လည် ပြသခဲ့ကြောင်း သိရသည်။

(အင်တာနက်)

မြစ်ဖြတ် ကြိုးပေါ်လမ်းလျှောက်သူ

မြစ်ကိုဖြတ်ကာ သွယ်တန်းထားသော ကြိုးပေါ်တွင် ကျွမ်းကျင်စွာလမ်းလျှောက်ပြနေသူ တစ်ဦးကိုတွေ့ရစဉ်။ (ဝဲပုံ)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဟန်မြစ်ပေါ်တွင် ဖြတ်သန်းကာ သွယ်တန်းထားသော ကြိုးတစ်ချောင်းပေါ်မှ ဝမ်ဝမ်တေးအမည်ရှိ တောင်ကိုရီးယားနိုင်ငံသားတစ်ဦးက အထိန်းတုတ်ရှည်တစ်ချောင်းကို ကိုင်ဆောင်ကာ လမ်းလျှောက်ပြခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

မေခ–မလိခ မြစ်နှစ်သွယ် ရေဝေရေလဲသစ်တောကြီးများ ရှင်သန်ပေါက်ရောက်မှု တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၇ရက်တွင် စစ်ကိုင်းမြို့မှ စစ်ကိုင်း–ရွှေဘို–ကသာ–မြစ်ကြီးနားခရိုင်ချင်းဆက်လမ်းမကြီးအတိုင်း ထွက်ခွာလာပြီး လမ်းဘေးဝဲ/ယာတစ်လျှောက်၌ သစ်ပင်များစိုက်ပျိုးထားရှိမှုနှင့် မအူတောင်ကြိုးပြင်ကာကွယ်တောအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဌာနဆိုင်ရာအကြီးအကဲများက ကျေးရွာပြည်သူများအားစည်းရုံး၍ ပုဂ္ဂလိက စိုက်ခင်းများ တည်ထောင်သွားရန်၊ ကြိုးဝိုင်းများကို ကာကွယ်ထိန်းသိမ်းပြီး ကွက်လပ်ဖြည့်စိုက်ခင်းများ၊ ခရိုင်ချင်းဆက် လမ်းဘေးဝဲ/ယာ၌ သစ်ပင်စိုက်ပျိုးရေးနှင့် တစ်အုပ်တစ်မ စိုက်ခင်းများ စိုက်ပျိုးသွားရန် မှာကြားသည်။

အမှာစကား

ဝန်ကြီးသည် ဧပြီ၂၈ရက်တွင် ရွှေဘိုမြို့မှ ရွှေဘို–ကသာ–မြစ်ကြီးနား ခရိုင်ချင်းဆက်လမ်းအတိုင်း ထွက်ခွာလာရာ လမ်းတစ်လျှောက်ရှိ သစ်တောဦးစီးဌာနက စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူစိုက်ခင်း၊ ခင်ဦးမြို့နယ် ခိုတောင်ကြိုးဝိုင်း၊ ပျဉ်းတောင်ကြိုးဝိုင်း၊ ကန့်ဘလူမြို့နယ် ခိုတောင်ကြိုးဝိုင်းနှင့် ကန့်ဘလူမြို့နယ် မင်းဝံတိုးချဲ့ကြိုးဝိုင်းတို့အတွင်းရှိ အင်ကြင်းတောကြီးများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိရုံးတွင် တာဝန်ရှိသူများက သစ်တောထိန်းသိမ်းရေးနှင့် စိုက်ခင်းထူထောင်ရေးကိစ္စများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပန်းတောကျေးရွာ၊ ကျွန်းချောင်းကျေးရွာ၊ ဝါးဘိုးချောင်းကျေးရွာနှင့် မရသိမ်ကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဒေသခံများတွေ့ဆုံ

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ၂၉ရက်တွင် ကသာမြို့မှ ခရိုင်ချင်းဆက်လမ်းအတိုင်း ဆက်လက် ထွက်ခွာလာရာ ကသာမြို့နယ် မိုးတားမြောက်ကြိုးဝိုင်း၊ နမ့်နားကြိုးဝိုင်း၊ နမ့်နားအပတောများ၊ ဆင်ဘိုမြို့နယ် ဝါးဖြူတောင်ကြိုးဝိုင်းနှင့် မြစ်ကြီးနားမြို့နယ် ဥယာဟာသကြိုးဝိုင်းများအတွင်း ကုန်းမြင့်လယ်ယာများ ကျူးကျော်ထားရှိမှုနှင့် ကြိုးဝိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနားသစ်ထုတ်ရေးဒေသ မံရွာသစ်ဆိပ်သို့ရောက်ရှိရာ တာဝန်ရှိသူများက သစ်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြို့လုကျေးရွာနှင့် ပါကိန်းကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ဧပြီ ၃၀ရက်တွင် မြစ်ကြီးနားမြို့မှ ချီဗွေသို့ ရဟတ်ယာဉ်ဖြင့်သွားရောက်၍ ကချင်ပြည်နယ်အတွင်းရှိ သစ်တောကြီးများ၊ မေခ–မလိခမြစ်နှစ်သွယ်၏ ရေဝေရေလဲသစ်တောကြီးများရှင်သန်ပေါက်ရောက်နေမှုနှင့် ကုန်းမြင့်လယ်ယာ ကျူးကျော်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် မေ၁ရက်တွင် တာဝန်ရှိသူများလိုက်ပါလျက် မြစ်ကြီးနားမြို့မှ မိုးကောင်း သစ်တောပျိုးဥယျာဉ်သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မိုးကောင်းမြို့နယ် နန်းခွင် သစ်တောကြိုးဝိုင်း၊ မိုးညှင်းသစ်တော ဦးစီးဌာနက စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူစိုက်ခင်း၊ နန့်ဒရန်အဆိုပြု ကြိုးဝိုင်းနှင့် ဖက်ဆွတ်ကြိုးဝိုင်းများအတွင်းရှိ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်သက်ကြီးစိုက်ခင်းများနှင့် သစ်ပင်ကြီးများ ပေါက်ရောက်နေမှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မြစ်ကြီးနား သစ်ထုတ်ရေးဒေသ၊ အင်းတော်ကြီးနယ်ရုံးနှင့် နန့်စီးအောင်သစ်ဆိပ်၊ ဟိုပင်မြို့နှင့် ကောလင်းမြို့များရှိ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန သစ်စက်များသို့ ရောက်ရှိရာ တာဝန်ရှိသူများက သစ်ထုတ်လုပ်မှုနှင့် သစ်စက်လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြစ်ကြီးနား သစ်ထုတ်ရေးဒေသ နန့်စီးအောင် သစ်ဆိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ အမှတ်၈၉/၈လမ်း လမ်းမတော်မြို့နယ်နှင့် အမှတ်၅၅ (အေ) သုနန္ဒာ ၄လမ်း သုမင်္ဂလာအိမ်ရာ သင်္ဃန်းကျွန်းမြို့နယ်နေ ကျေးဇူးရှင်မိဘနှစ်ပါးဖြစ်သော ဦးခင်လှိုင်(M.I.C ရော်ဘာစက်)–ဒေါ်ခင်မြင့်တို့၏ အနှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနှင့် ကျေးဇူးရှင် ဖခင်ကြီးဦးခင်လှိုင်၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့အထိမ်းအမှတ်အဖြစ် သား၊ သမီး၊ မြေးများက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် သီလရှင်သင် ပညာရေးကျောင်း ၁၃ ကျောင်းတို့အား တစ်နေရာလျှင် ငွေကျပ်တစ်သိန်း ရှစ်ရာစီဖြင့် လှူဒါန်းခဲ့ရာ သားဖြစ်သူဦးအောင်သစ်လှိုင်–ဒေါ်ဇာခြည်ဝင်းမိသားစုက မိဘနှစ်ပါးရှေ့မှောက်တွင် လှူဒါန်းငွေများလှူဒါန်းစဉ်။

(မြန်မာ့အလင်း)

အသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မြောင်းမြမြို့နယ် ကတ္တရာလမ်းသစ်ဖွင့်ပွဲတက်ရောက်

ရန်ကုန် မေ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် မေ၆ရက် နံနက် ၁၁နာရီခွဲတွင် ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ကန်ကြီးထောင့်မြို့နယ် ဆပ်ကွင်းကျေးရွာ ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှသိန်းက ကျောက်ချောလမ်းနှင့်ပတ်သက်၍ အချက်အလက်များအား ရှင်းလင်းတင်ပြပြီး ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်း၊ဧရာဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ကျောက်ချောလမ်းသစ်အား လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။

ဆောင်ရွက်ပေးခဲ့

အဆိုပါ ဆပ်ကွင်းကျေးရွာ ကျေးလက်ကျောက်ချောလမ်းသစ်သည် အရှည် ပေ ၉၇၆၀၊ အကျယ် ၁၀ ပေရှိပြီး အရှည် ၁၉ ပေနှင့် အကျယ် ၁၄ ပေရှိ ကွန်ကရစ်တံတားနှင့် ကွန်ကရစ်ရေပြွန် အပါအဝင်တို့အား ကန်ကြီးထောင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၃၆ သိန်း အကုန်အကျခံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အထောက်အကူပြု

ဆပ်ကွင်းကျေးရွာ ကျေးလက်ကျောက်ချောလမ်း ပြီးစီးသွားသဖြင့် ရန်ကုန်–ပုသိမ် ကားလမ်းမကြီးမှ ကွင်းယားအရှေ့ကျေးရွာကို ဖြတ်၍ ဆပ်ကွင်းကျေးရွာသို့ လည်းကောင်း၊ ဆပ်ကွင်းကျေးရွာမှ ရွှေအေးချောင်၊ ပေါက်ငူ၊ ဘုရားကုန်း၊ ကျွဲလမ်းစု၊ ကွင်းလျား၊ ဘုရားချောင်း၊ မြောင်ကြီး၊ အဓလောက်၊ ကွမ်းသီးပင်စိပ်၊ တံခွန်တိုင်၊ အုတ်ပုံကုန်း၊ ကညွတ်ကုန်း၊ ကျခတ်တန်း၊ ကရင်မြောင်ကြီး၊ ဗမာမြောင်ကြီး၊ ဇဝင်မြောင်ကြီး၊ ချောင်းညီနောင်၊ ကညင်ပင်၊ ဒီးဒုတ် စသည့် ကျေးရွာများအထိလည်းကောင်း ကျေးလက်လမ်းများဖြင့် ဆက်စပ်ကာ သွားလာနိုင်သဖြင့် ကျေးရွာ ၁၉ရွာရှိ ဒေသခံပြည်သူ ၁၃၀၀၀ခန့်တို့အတွက် ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးတို့အတွက်များစွာအထောက်အကူပြု အကျိုးဖြစ်ထွန်းစေကြောင်း သိရှိရသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မေ၇ရက်နံနက်၇နာရီတွင် ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော အခြေခံကြံ့ခိုင်ရေးသင်တန်း(၁/၂၀၀၇) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၅၀ တက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမည်ဖြစ်ကြောင်း သိရှိရသည်။

ညှိနှိုင်းပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည်မြောင်းမြခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်၊ခရိုင်အတွင်းရှိ မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ အမှာစကား ပြောကြားခဲ့သည်။

၎င်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော ကွယ်လွယ် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်

၎င်းနောက် လမ်းသစ်အား ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ရဲမှူးဇော်ဝင်း၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် လမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့သည်။

လွယ်ကူချောမွေ့

အဆိုပါလမ်းသစ်မှာ အရှည် ပေ ၂၂၈၀၊ အကျယ် ၁၂ပေXထု၇ လက်မရှိကာ စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ငါးသိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၃ဒသမ ၂၉သိန်းနှင့် ပြည်သူပူးပေါင်းပါဝင်ငွေကျပ် ၅၄ ဒသမ ၀ သိန်း စုစုပေါင်းကျပ် ၁၁၄ ဒသမ ၇၉ သိန်း အကုန်အကျခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းပြီးစီးသွားသဖြင့် ကွယ်လွယ်၊ ဘုရားချောင်း၊ ကြာဖူးငုံလက်ပံ၊ ဗန်းမော်သုံးခွ ကျေးရွာနေပြည်သူများ သွားလာရေး လွယ်ကူချောမွေ့မည်ဖြစ်သည်။

အကျယ်တဝင့်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကွယ်လွယ်စံပြကျေးရွာ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျေးရွာလေးအုပ်စုမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

8-5 (11) 1 5/7/07, 12:23 PM

သင်တန်းကပို့ချသော သင်ကြားရေး အတတ်ပညာနှင့် လက်တွေ့ဆောင်ရွက်သည့် အတွေ့အကြုံပေါင်းစပ် ကျောင်းသား ကျောင်းသူများ ထိရောက်စွာလေ့ကျင့်သင်ကြားပေး

ရန်ကုန် မေ ၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း လိုက်ပါလျက် မေ ၃ ရက် မွန်းလွဲပိုင်းက ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချနေသည့် ပျဉ်းမနားခရိုင်နှင့် ရမည်းသင်းခရိုင် အခြေခံပညာ အလယ်တန်းအဆင့် ဆရာများသင်ကြားရေး မွမ်းမံသင်တန်းသို့ရောက်ရှိပြီး သင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အမျိုးသားပညာရည် မြင့်မားရေးအတွက် ဆရာဆရာမများ သင်ကြားမှုအရည်အသွေး ပြည့်ဝရေး၊ သင်တန်းကပို့ချလိုက်သော သင်ကြားရေးအတတ်ပညာများနှင့် လက်တွေ့ဆောင်ရွက်သည့် အတွေ့အကြုံတို့ကို ပေါင်းစပ်၍ လာမည့်ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများအား ထိရောက်စွာ လေ့ကျင့်သင်ကြားပေးရေးတို့ကို မှာကြားကာ အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံရေးတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

မန္တလေး

အလားတူ ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းသည် အမှတ်(၂)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၄ ရက်တွင် မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချနေသည့် အခြေခံပညာ မူလတန်းသင် ဆရာများ သင်ကြားရေး မွမ်းမံသင်တန်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချနေသည့် အခြေခံပညာ အလယ်တန်းအဆင့် ဆရာများသင်ကြားရေးမွမ်းမံသင်တန်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချနေသည့် အခြေခံပညာမူလတန်းသင် ဆရာများ သင်ကြားရေးမွမ်းမံသင်တန်း၊ အမှတ်(၁၅)အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချနေသည့် အလယ်တန်း ဆရာအတတ်သင် စာပေးစာယူသင်တန်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချနေသည့်အခြေခံပညာမူလတန်းသင် ဆရာများ သင်ကြားရေးမွမ်းမံသင်တန်းများသို့ရောက်ရှိပြီး သင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက နိုင်ငံတော် အကြီးအကဲ၏ စေတနာထားရှိမှုအပေါ် အလေးထားဆောင်ရွက်ရေး၊ သင်ကြားမှု အရည်အသွေး တိုးတက်မြင့်မားရေးအတွက် သင်ကြားမှု အတွေ့အကြုံနှင့် ပညာရပ်များ ပေါင်းစပ်ဆောင်ရွက်ရေး၊ ဆရာ့ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး၊ ကျောင်းသား ကျောင်းသူများအား လူရည်ချွန်၊ လူရည်မွန်များဖြစ်အောင် ပြုစုပျိုးထောင်ပေးရေး၊ သိပ္ပံပစ္စည်းနှင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုသင်ကြားရေး၊ သင်္ချာဘာသာရပ်ကို ကျောင်းသားကျောင်းသူများ စိတ်ဝင်စားမှုရှိအောင် သင်ကြားရေး၊ မြန်မာစာနှင့် အင်္ဂလိပ်စာ အခြေခံကောင်းများရရှိရေး၊ တတ်မြောက်မှုအပေါ် အကဲဖြတ်စစ်ဆေးရေး၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်ရင့်သန်ခိုင်မာအောင် လေ့ကျင့်ပေးရေး၊ အခြေခံပညာ မူလတန်းကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး၊ ရေအိမ်သာများ အချိုးမျှတ၍ သန့်ရှင်းစွာအသုံးပြုရေး၊ ကျောင်းသုံး ပရိဘောဂများ ပြည့်စုံလုံလောက်အောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

စစ်ကိုင်းပညာရေးတက္ကသိုလ်

အလားတူ ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦး၊ အမှတ်(၂) အခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၅ ရက်တွင် စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး ဒုတိယ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ဒုတိယပါမောက္ခချုပ် ဦးယဉ်ဝင်းမောင်က ပညာရေးစွမ်းဆောင်မှုအညွှန်းကိန်းများ အကဲဖြတ်မှုနှင့် သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကိုလည်းကောင်း၊ ပါမောက္ခဌာနမှူးများက ဌာနအလိုက် သင်ယူတတ်မြောက်မှု အခြေအနေ၊ Language Lab နှင့် ကွန်ပျူတာ အသုံးပြုမှု၊ M.Ed နှင့် Ph.D တက်ရောက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ပါမောက္ခဌာနမှူးများ စွမ်းဆောင်ရည်မြင့်မားရေး၊ ကိုယ်ပိုင်စာကြည့်တိုက် အသုံးပြုရေး၊ Multi - media စာသင်ခန်းများ ထိရောက်စွာ အသုံးပြုရေး၊ တိုင်းပြည်အကျိုးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး အဆိုပါကျောင်းတွင် ဖွင့်လှစ်ပို့ချနေသည့် စစ်ကိုင်းမြို့နယ် အခြေခံပညာ မူလတန်းသင်ဆရာများ သင်ကြားရေး မွမ်းမံသင်တန်း သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေးသည်။

ကြိုးပမ်းဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး အဆိုပါကျောင်းတွင် ဖွင့်လှစ်ပို့ချနေသည့် စစ်ကိုင်းခရိုင် အခြေခံပညာ အလယ်တန်းအဆင့် ဆရာများ သင်ကြားရေး မွမ်းမံသင်တန်း သင်ကြားပို့ချနေမှုများကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက ပညာရေးမြင့်တင်မှု အစီအစဉ်များ စနစ်တကျ ဆောင်ရွက်ရေး၊ သင်ရိုးမာတိကာများ ကုန်စင်အောင် သင်ကြားရေး၊ နိုင်ငံ့သားကောင်းများ ဖြစ်အောင် ပြုစုပျိုးထောင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်း ပညာရေးကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ကျောင်းအုပ်ကြီး ဒေါ်လှဝိုင်းနှင့် ဌာနမှူးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းမှာကြား

ဆက်လက်၍ ဝန်ကြီးသည် သိပ္ပံလက်တွေ့ခန်းတွင် ပစ္စည်းများသိုလှောင်ထားရှိမှု၊ လက်တွေ့ ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရတနာပုံ တက္ကသိုလ်သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ပါမောက္ခများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ဒုတိယပါမောက္ခချုပ်ဦးသန်းနွယ်က ပညာရေးစွမ်းဆောင်မှု အညွှန်းကိန်းများ အကဲဖြတ်မှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ တက္ကသိုလ်၌ ဖွင့်လှစ်ပို့ချနေသည့် အခြေခံပညာ အထက်တန်းအဆင့် ဓာတုဗေဒနှင့်ဇီဝဗေဒဘာသာရပ် မွမ်းမံသင်တန်း သင်ကြားပို့ချနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သိပ္ပံလက်တွေ့ခန်းတွင် တစ်နှစ်တာအချိန် ဇယားရေးဆွဲ ဆောင်ရွက်ရေး၊ သင်ရိုးညွှန်းတမ်းနှင့်အညီ ထိရောက်စွာသင်ကြားပေးရေးတို့ကို မှာကြား၍ လိုအပ်သော သိပ္ပံပစ္စည်းများကို ဖြည့်ဆည်းပေးသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး အဆိုပါကျောင်း၌ ဖွင့်လှစ်ပို့ချနေသည့် အခြေခံပညာ မူလတန်းသင်တန်းဆရာများ သင်ကြားရေး မွမ်းမံသင်တန်း သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၆ ရက်က မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ပရဟိတအဖွဲ့ခေါင်းဆောင် အသင်းဒုတိယဥက္ကဋ္ဌဒေါ်သက်ရီထံ မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသရန်အတွက် အလှူငွေကျပ် ၂၅သိန်းကို ရှိုင်းဟုတ် ကုမ္ပဏီမှ ဒေါက်တာ ဒေါ်ခင်ခင်ရီက ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဝိမလအား ထပ်ဆင့်ဂုဏ်ပြုပူဇော်

ရန်ကုန် မေ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရတော်မူသော ဝိမလာရာမနတ်ညွှန်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိမလအား ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပူဇော်သည့် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာကို ယမန်နေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း ၃ လမ်းရှိ အဆိုပါစာသင်တိုက်၌ ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဆရာတော်များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဝိမလာရာမနတ်ညွှန်း ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာ့နွယ်ဝင် သီလရှင်များ၊ ပူဇော်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါယမထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

သီကျူးပူဇော်

ထို့နောက် ဝိမလာရာမနတ်ညွှန်း ပရိယတ္တိစာသင်တိုက် စာချနာယက ဆရာတော် ဘဒ္ဒန္တနန္ဒဝံသက ထုတိဝေဒလ္လ ဂါထာဖြင့် ဖတ်ကြားပူဇော်ပြီး နိုင်ငံကျော် အဆိုတော် ဒေါ်ရီရီသန့်က ဂုဏပသံသာ ရတုပိုဒ်စုံဖြင့် သီကျူးပူဇော်သည်။

ဆက်လက်၍ ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိပိဋကနိကာယအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေက ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း လျှောက်ထားသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား ပူဇော်ပွဲကျင်းပရေးကော်မတီဝင်များနှင့် ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချ

ထို့နောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၈-၅-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန် ဂီတသံ
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၂၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၄:၅၅	၇။	ပညာခေတ်
၅:၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၁၅)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မွေးမြူသုတ
	၁၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၄)

ကမ္ဘာ့ကြက်ခြေနီနေ့

၂၀၀၇ ခုနှစ် မေလ ၈ ရက်

World Red Cross Day

8th May 2007

"Together for Humanity"

"လူမှုကရုဏာ စာနာရေး၊ ပိုင်းဝန်းလက်တွဲဖော်ဆောင်ပေး"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

မော်ရင်ဟိုနှင့် ချယ်လ်ဆီးတို့၏ အနာဂတ်

ကမ္ဘာတစ်လွှား အားကစား

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် မေ ၇

ပရီမီယာလိဂ်ပွဲစဉ်(၃၇)အဖြစ် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ မေ ၆ ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲတွင် တစ်ဂိုးစီ သရေပွဲအဖြစ် ဒိုင်လူကြီး၏ ပွဲသိမ်းခရာသံမှုတ်ချိန်မှာပင် မန်ယူတို့ ပရီမီယာလိဂ်ဖလားကို ရရှိသွားခဲ့ပြီ ဖြစ်သည်။

ချယ်လ်ဆီးနည်းပြမော်ရင်ဟို၏ သုံးနှစ်ဆက်တိုက် ပရီမီယာလိဂ်ဖလား ရယူရေး ရည်မှန်းချက်လည်း ပျက်ပြယ်သွားခဲ့ပြီဖြစ်ရာ လာမည့် ဘောလုံးရာသီ၌ ချယ်လ်ဆီးတွင် မော်ရင်ဟိုဆက်ရှိရေး မရှိရေးမှာ သေချာနိုင်ဖွယ် မရှိတော့ချေ။

အနာဂတ်အတွက် စဉ်းစားနေရပြီဖြစ်သော ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။ (ဓာတ်ပုံ-အင်တာနက်)

စွမ်းဆောင်နိုင်ခဲ့

ပရီမီယာလိဂ်သို့ မော်ရင်ဟို စတင်ရောက်ရှိသည့် နှစ်မှာပင် ချယ်လ်ဆီးကို ပရီမီယာလိဂ် ဖလားအရယူပေးခဲ့ရာ နှစ်၅၀ကြာ ပရီမီယာလိဂ်ဖလားနှင့် ဝေးကွာနေခဲ့သော ချယ်လ်ဆီးအသင်း ဂုဏ်တက်ခဲ့လေသည်။ ထို့အတူ မော်ရင်ဟို၊ ချယ်လ်ဆီးဟူသော အမည်များကလည်း ကမ္ဘာ့ဘောလုံး ပရိသတ်များအကြား ရေပန်းစားလာခဲ့သည်။ မိမိအသင်းအပေါ် အာရုံစူးစိုက်မှု၊ ကစားကွက် ခင်းကျင်းမှုနှင့် ဆုံးဖြတ်ချက်ပြတ်သားမှုတို့ကြောင့် ချယ်လ်ဆီးအသင်း အောင်ပွဲများ ဆက်တိုက်ရယူနိုင်အောင် မော်ရင်ဟိုစွမ်းဆောင်နိုင်ခဲ့သည်။ ထို့ကြောင့် ပရီမီယာလိဂ်တွင် ချယ်လ်ဆီးနှင့် ယှဉ်ပြိုင်ကစားသော အသင်းတိုင်း နိုင်ပွဲမရခဲ့သည်က များသည်။

၂၀၀၄-၂၀၀၅ ပရီမီယာလိဂ် ချန်ပီယံဆုနှင့် ၂၀၀၅-၂၀၀၆ တို့တွင်လည်း ပရီမီယာလိဂ်ဖလားကိုဆက်တိုက်ရယူခဲ့သောမော်ရင်ဟိုသည် ယခု၂၀၀၆-၂၀၀၇ ခုနှစ်တွင်မူ လက်ဝယ်၌ ကားလင်းဖလားတစ်ခုသာ ရရှိထားသည်။ သေချာပေါက် မျှော်မှန်းထားခဲ့သော ပရီမီယာလိဂ်ဖလားကို လက်လွှတ်ခဲ့ရသလို လွန်စွာရယူပေးချင်နေသော ချန်ပီယံလိဂ်ဖလားလည်း လီဗာပူးတို့ကြောင့် လက်တစ်ကမ်းအလိုတွင် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ဝေဖန်ပြစ်တင်

မော်ရင်ဟိုနှင့်ချယ်လ်ဆီးပိုင်ရှင် အေဗရာမိုဗစ်ချ်တို့၏ဆက်ဆံရေး အဆင်မပြေဖြစ်မှုကလည်း ကျယ်ကျယ်လောင်လောင်ဖြစ်ခဲ့ပြီး ချယ်လ်ဆီးကစားသော ပွဲများတွင် ချယ်လ်ဆီးပိုင်ရှင် ရုရှားသူဌေး အေဗရာမိုဗစ်ချ်က လာရောက်မကြည့်ရှုသည့်ကိစ္စ၊ ဘောလုံးသမားဝယ်ယူရေးအတွက် ငွေကြေးကန့်သတ်မှုကိစ္စတို့တွင် မော်ရင်ဟိုက အတိအလင်း ဝေဖန်ပြစ်တင်ခဲ့သည်။

ပရိသတ်အမြင်တွင်မူ နှစ်ဦးနှစ်ဖက်အဆင်ပြေသည့် ဆက်ဆံရေးရှိကြောင်း ပြသနေသော်လည်း ကန့်သတ်ချုပ်ချယ်မှုနှင့် ဟန့်တားပိတ်ပင်မှုများကို သဘောမတွေ့တတ်သည့် မော်ရင်ဟိုအနေဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ချယ်လ်ဆီးမှ ထွက်ခွာတော့မည်ဟူသော သတင်းများထွက်ပေါ်ခဲ့လေသည်။

မော်ရင်ဟိုပြောင်းရွှေ့လျှင် မိမိတို့ဝမ်းသာစွာ ကြိုဆိုလက်ကမ်းလျက်ရှိကြောင်း ရီးရဲမက်ဒရစ်ကလပ်မှ အမှုဆောင်လူကြီးများက ပြောကြားနေရာ မော်ရင်ဟို၏ အနာဂတ်သည် မေးခွန်းများ ပေါ်ပေါက်လာလျက်ရှိနေသည်။

ယခုအခါ မိမိလက်ရှိ ပရီမီယာလိဂ်ဖလားကိုလက်လွှတ်ခဲ့ရသလို ချန်ပီယံလိဂ်ဖလားရယူရေး အိပ်မက်လည်း ပျက်စီးသွားခဲ့ပြီဖြစ်သောမော်ရင်ဟိုသည်ချယ်လ်ဆီး အသင်းအမှုဆောင် အစည်းအဝေးများတွင် **စပိန်မှ ရီးရဲမက်ဒရစ်အသင်းကဲ့သို့ ဖြစ်နေပြီလော**ဟု မေးခွန်းထုတ်မှုများနှင့် ရင်ဆိုင်နေရပြီ ဖြစ်သည်။

ပရီမီယာလိဂ်၌ ဘောလုံးသမား ဝယ်ယူရေးတွင် ငွေကြေးအများဆုံး သုံးစွဲခဲ့သည်မှာ ချယ်လ်ဆီးပင်ဖြစ်သည်။ ချယ်လ်ဆီးကလပ်ကလည်း မော်ရင်ဟို စိတ်တိုင်းကျ ကစားသမားများကို ရအောင်ခေါ်ယူပေးခဲ့သည်။ နောက်ဆုံး ဂါးလက်စ်ကဲ့သို့သော အမာခံဘောလုံးသမားများကိုပင် အလိုက်ပေးကာ လူရော ငွေပါ ပုံပေးပြီး မောင်ရင်ဟို လိုချင်သော ကစားသမားကိုရအောင် ခေါ်ယူပေးကာ လိုက်လျောခဲ့သည်။

ခံစားခဲ့ရ

သို့သော်၂၀၀၆-၂၀၀၇ ဘောလုံး ရာသီအကုန် ပန်းအဝင်တွင်မူ ရင်းနှီးမြှုပ်နှံခဲ့ရသော ပမာဏနှင့်ရရှိသော အကျိုးအမြတ်များနှင့်ပတ်သက်၍ ချယ်လ်ဆီးအသင်း နင့်နေအောင်ခံစားခဲ့ရသည်ဟု ချယ်လ်ဆီးပရိသတ်တို့ ဝေဖန်မှုများ ပြောလာခဲ့ပြီဖြစ်သည်။ အထူးသဖြင့် အရေးကြီးသော ပွဲစဉ်များတွင် တန်ဖိုးကြီးမားစွာပေးခဲ့ရသည့် တိုက်စစ်မှူးရှက်ဗ်ချင်ကိုနှင့် မိုက်ကယ်ဘောလက်တို့ ပါဝင်ကစားနိုင်ခြင်းမရှိသည်မှာ မော်ရင်ဟိုနှင့်ဆက်ဆံရေး အဆင်မပြေခြင်းကြောင့် ဖြစ်သည်ဟူသော သတင်းများထွက်ပေါ်ခဲ့သဖြင့် နည်းပြနှင့်ကစားသမားများ အကြား စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်နေသည်ဟူသော အသံများလည်း ပျံ့လွင့်လာခဲ့သည်။

ရှာဖွေနေပြီ

မော်ရင်ဟိုနှင့် ဆက်ဆံရေး အဆင်မပြေဖြစ်နေသော ချယ်လ်ဆီးပိုင်ရှင် အေဗရာမိုဗစ်ချ်က လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီးအတွက် နည်းပြအသစ် အစားထိုးရေး ရှာဖွေနေပြီဟူသော သတင်းများလည်း ဆက်တိုက် ထွက်ပေါ်လာနေသည်။

ပြောင်းရွှေ့

ထို့အတူ ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီကလည်း အသင်းနှင့် သက်တမ်းတိုးစာချုပ် ပျက်ပြယ်သွားသဖြင့် အသင်းမှပြောင်းရွှေ့တော့မည့် သတင်း၊ ဒရော့ဘာလည်း မော်ရင်ဟိုမရှိလျှင် အသင်းမှထွက်ခွာတော့မည် ဟူသော သတင်းများက အဆက်မပြတ်ထွက်ပေါ်နေသည်။

"ကျွန်တော် လာမယ့်ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းမှာပဲ ဆက်ရှိနေမှာပါ"ဟူသော မော်ရင်ဟိုစကားကလည်း အားမပါလှသည်ဖြစ်ရာ လာမည့် မေ ၁၉ ရက်တွင် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲ၌ မန်ယူတို့သာ အောင်ပွဲခံသွားခဲ့လျှင် ကားလင်းဖလားတစ်လုံးသာ ရရှိခဲ့သော မော်ရင်ဟို၏ အနာဂတ်သည် မည်သို့ ဖြစ်လာမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

★ **ကင်မရွန်းဘောလုံးအဖွဲ့ချုပ်မှ နိုင်ငံတကာ ဒိုင်လူကြီးသုံးဦးဖြစ်သော ကွင်းလယ်ဒိုင်လူကြီး မာတင်အွမ်ဘာဇင်း၊ စည်းကြပ်ဒိုင် အင်ဂယ်ဘတ်အီဖာနှင့် ပက်ထရစ်ဘွန်ဂါနီ ဒိုဒါတို့သည် ကင်ညာလေကြောင်းပိုင် ခရီးသည်တင် လေယာဉ်ပျက်ကျမှု၌ ပါဝင်သေဆုံးသွားကြောင်း အာဖရိကဘောလုံးအဖွဲ့ချုပ်မှ သတင်းထုတ်ပြန်လိုက်သည်။**

★ မန်ယူနည်းပြ ဖာဂူဆန်က မိမိအနေဖြင့် မန်ယူအသင်းတွင် နှစ်အတန်ကြာ နည်းပြအဖြစ်ဆက်လက်လုပ်ကိုင်သွားမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အသက်(၆၅)နှစ် ရှိပြီဖြစ်သော်လည်း မန်ယူ၌ အလုပ်လုပ်ရသည်မှာ ပျော်ရွှင်နေကြောင်း ၎င်းကပြောကြားသည်။

★ **မေ၆ရက်က ကစားခဲ့သော ဘွန်ဒက်စ်လီဂါပွဲစဉ်ဖြစ်သည့် ဝါဒါဘရီမင်နှင့် ဟာသာဘာလင်တို့ပွဲတွင် ဝါဒါဘရီမင်မှ ဆွီဒင်တိုက်စစ်မှူး ရိုဆင်ဘတ်သည် ဟက်ထရစ် ဂိုးသွင်းယူခဲ့သည်။**

(အင်တာနက်)

ကမ္ဘာ့နံပါတ်(၁) တင်းနစ်ကစားသမားဟောင်း ကလစ္စတား တင်းနစ်လောကမှ အနားယူရန် ကြေညာ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

အနားယူရန်ကြေညာခဲ့သော ကမ္ဘာ့နံပါတ်(၁) တင်းနစ်ကစားသမားဟောင်း ကလစ္စတား။
(ဓာတ်ပုံ-အင်တာနက်)

ဘရပ်ဆဲလ် မေ ၇

ကမ္ဘာ့နံပါတ်တစ် တင်းနစ် ကစားသမားဟောင်း ဘယ်လ်ဂျီယံနိုင်ငံသူ ကလစ္စတားသည် မေ၆ရက်က တင်းနစ်ကစားခြင်းမှ အနားယူပြီဖြစ်ကြောင်း ရုတ်တရက် ကြေညာလိုက်သည်။

အနားယူ

အသက်(၂၃)နှစ်ရှိ အဆိုပါ ဘယ်လ်ဂျီယံနိုင်ငံသူသည် ယခုနှစ် ရာသီကုန်ပိုင်းတွင် အားကစားလောကမှ အနားယူရန် ပြင်ဆင်ထားသော်လည်း ဒဏ်ရာများရရှိထားခြင်းကြောင့် စောစီးစွာအနားယူသွားခြင်းဖြစ်ကြောင်း သိရသည်။

နှစ်ကြိမ်ဆက်

သူမသည် ၂၀၀၅ ခုနှစ်က ယူအက်စ်အိုးပင်းချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။ ပြင်သစ်အိုးပင်းတွင်လည်း နှစ်ကြိမ်ဆက်တိုက် ဒုတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။

ထို့အပြင် ဩစတြေးလျအိုးပင်းတွင် တစ်ကြိမ်၊ ဝင်ဘယ်ဒန်ပြိုင်ပွဲတွင် နှစ်ကြိမ် ဒုတိယဆုများ ဆွတ်ခူးနိုင်ခဲ့သည်။

အနိုင်ယူ

ကလစ္စတားသည် ဒဗလျူတီအေ ဖလားကို ဆစ်ဒနီ၌ ဇန်နဝါရီလက နောက်ဆုံးဆွတ်ခူးခဲ့သည်။ သူမသည် အနားယူသွားချိန်တွင် တင်းနစ်ကစားသမား သက်တမ်းတစ်လျှောက် ဖလား၃၄လုံး ဆွတ်ခူးနိုင်ခဲ့သည်။

(အင်တာနက်)

ရက်စတားဘဲဂရိတ်အသင်း ဆားဘီးယားချန်ပီယံဖြစ်ပြီ

ဘဲဂရိတ် မေ ၇

ဆားဘီးယားချန်ပီယံ ရက်စတားဘဲဂရိတ် အသင်းသည် မေ ၅ ရက်က အမှတ်ပေးဇယားဒုတိယနေရာမှပါတီဇန် ဘဲဂရိတ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ၂၅ကြိမ်မြောက် ဆားဘီးယားချန်ပီယံဖြစ်သွားသည်။

ရက်စတားသည် ၂၉ပွဲကစားပြီး ရမှတ်၆၇မှတ် ရရှိထားသည်။ ပါတီဇန်အသင်းမှာ ရမှတ်၅၄မှတ်သာ ရရှိသေးသည်။ အမ်အင်န်အေ၊ရိုက်တာ

ရိန်းဂျားအသင်း ချန်ပီယံလိဂ်နေရာရ

ဂလက်စ်ဂေါ မေ ၇

ရိန်းဂျားအသင်းသည် စကော့တလန် ပရီမီယာလိဂ်တွင် ဆဲလ်တစ်အသင်းကို မေ ၅ရက်က ယှဉ်ပြိုင်ကစားခဲ့စဉ် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် လာမည့်နှစ် ချန်ပီယံလိဂ် နေရာရရှိသွားသည်။

သွင်းယူ

ရိန်းဂျားအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူးခရစ်ဘွိုင်းနှင့် ချာယ်လီအာဒမ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဖီနာဘာချီအသင်း တူရကီဖလားရလုနီး

အစ္စတန်ဘူလ် မေ ၇

ဖီနာဘာချီအသင်းသည် တူရကီအမှတ်ပေးဇယားတွင် ဦးဆောင်လျက်ရှိရာ မေ ၅ရက်က ဘီဆစ်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်၍ ဖလားရရှိရေး နီးစပ်သွားပြီ ဖြစ်သည်။

ကျန်သေး

ဖီနာဘာချီအသင်းသည် ယင်းပွဲအပြီး အခြားပြိုင်ဘက်အသင်းများကို ငါးမှတ်ဖြတ်ထားနိုင်ပြီ ဖြစ်သည်။ ၎င်းအသင်းသည် လက်ကျန်ပွဲ သုံးပွဲ ကစားရန် ကျန်သေးသည်။

အသာရ

ယင်းပွဲအနိုင်ရလိုက်၍ ဖီနာဘာချီအသင်းသည် ပြိုင်ဘက် ဘီဆစ်တက် အသင်းထက် ငါးမှတ်အသာရထားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာကျော်အမှတ်တံဆိပ် ပါဝါမျက်မှန်၊ နေကာမျက်မှန် အစစ်အမှန်များကို ရောင်းချပေးနေသော

ရွှေဘုံသာအာလယ်လမ်းက

ယူနိုက်တက်မှီးရှင်းမျက်မှန်ဆိုင်

ရန်ကုန် — အမှတ်–၂၆၃၊ ရွှေဘုံသာလမ်း (အလယ်) ရန်ကုန်မြို့။ ဖုန်း–၀၁–၃၈၄၈၃၈၊ ၇၀၉၆၂၀

မန္တလေး — ၇၈ လမ်း။ ၂၇ x ၂၈ ကြား။ ဘုတာကြီးအနီး။ မန္တလေးမြို့။ ဖုန်း–၀၂–၃၄၄၄၂၊ ၆၈ရ၈၆

အမည်ပြောင်း

အဖ ဦးခင်ဦး ၁၂/မရက (နိုင်) ၀၇၆၆၆၁၏သမီးအထက(၂)လသာ (Grade-9-A)မှ ဝင်းမြတ်ဖြူ(ခ) ဖြူမြတ်မြတ်ခင်အားမြတ်မြတ်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မြတ်မြတ်ခိုင်။**

ယာဉ်ပိုင်ရှင် များဆက်သွယ်ပါ

ဆလွန်း၊ ဗင်၊ ပစ်ကပ်၊ ပါဂျဲရိုး လချုပ်/နှစ်ချုပ် ငှားလိုသည်။ အမြန်ဆက်သွယ်ပါ။

703220, 295556, 4412519

ကျေးဇူးရှင်ရွှေပေါ်ကျွန်းဆရာတော်ကြီးချီးမြှင့်သော နယုန်လ စာမေးပွဲနှင့်နယုန်လကျင့်စဉ်၊ အောင်မြေအောင်ရပ် မြတ်သော ဗြာနမှုသမိုင်းဝင်ဂူတော်သစ်တရား။ သမိုင်းဝင်သိမ်ကိုးသိမ်မှ အသံ မစဲမဟာပဋ္ဌာန်းပူဇော်ပွဲကြီး၊ လာဘ်ရွှင်စေနေ့လာဘသိဒ္ဓိဂါထာ တော်နှင့်ထူးခြားမှုများဘုရားပစ္စည်းသုံးစွဲနည်းယုံတမ်းစကားတွေ လား(၂)၊ မေတ္တာသုတ္တန်နှင့်ကျွန်တော်၊ သုတို့ဆီမှကလေးကမ္ဘာ၊ နှစ်ဆယ်ရာစုလူမျှော်၊ ကိုယ်တွင်းဖြစ်ကျောက်ခဲဆိုင်ရာ နိုင်ငံ တကာအယူအဆ၊ မြန်မာ့ရိုးရာနက်ယုံကြည်မှုလေ့(၅)မောင်း ထောင်ဦးကျော်လုဏ်ဖေဒင်သံချိုများပြိုတ္တာမမယ်နန္ဒာတရွှေကို ဆွေရင်းမှတ်တော့ထူးဆန်းသောရွှေတောက်တဲ့ကြီးအစောင့်မြွေ ကြီး၏ပဋ္ဌာလက်၊ တောင်ပိုင်ရှိဘာတကာယ်လား၊ ဆင်နင်း၍သေပြီး နောက်၊ ကုလားဘိုတီးနှင့်တည်ငါးတစ်ကောင်၊ ဝိဇ္ဇာတစ်ပါးနှင့် ဆုံတွေ့ခြင်း၊ ပုတီးစိရင်နည်းငွေဝင်လာဘ်ရွှင်စေလိုလျှင်အောင်မြင် ရေးအတွက်ဘာဝနာ၊ ဆိုင်နာမည်များပေးတော့မည်ဆိုလျှင်…စသည်တို့ဖြင့် ■

အမှတ် (၂၂) ၂၀၀၇ခုနှစ် ဇွန်လ

သိဒ္ဓိ

ထွက်ပြီ

မြန်မာ့ရိုးရာ ပညာရွှေတောင် ၀၁–၂၄၀၆၉၀

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေ နှစ်ဦးတို့က ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၃–သုဝဏ္ဏ)၊ မြေကွက်အမှတ်(၃၁၉)၊ ဧရိယာ ၀ ဒသမ ၁၁၈ ဧကရှိ၊ နှစ် ၆၀ ဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင်ဆောက်လုပ် ထားသော အမှတ် ၃၁၉၊ အင်ကြင်းမြိုင် ၃ လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏမြို့၊ သဃ်န်းကျွန်းမြို့နယ်ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးကို ဦးကျော်ဆန်း(အေစီ–၀၆၆၄၃၃) အမှတ် ၁၁၇(ဂျီ)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ထံမှဒေါ်ထက်ထက်အေးက ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၂၃/၂၀၀၆)အရ ဒေါ်ထက် ထက်အေး ၁၂/ကမရ(နိုင်) ၀၀၀၀၈၆ ထံမှ အပြီးအပိုင်ဝယ်ယူရန်တန်ဖိုးငွေ၏ အစိတ်အပိုင်းကိုပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက် စာတမ်းများ အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ– **ဦးကျော်သိန်း(B.Sc., R.L)**
(တရားရုံးချုပ်ရှေ့နေ–၃၄၆၃)
အမှတ် ၄၇၊ စက်မှုလက်မှု ၄ လမ်း
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း–၅၄၃၈၁၇။

ဒေါက်တာတင်လှိုင် (ဘိုးလှိုင်) နှင့် ကိုတာ ဦးစီးသော

လုမ္ဗိနီ

မူကြို၊ KG၊ Grade I, II

ဇွန်လ ၅ ရက် ဖွင့်ပြီ

- ၈၀ (ခ)၊ သံလွင်လမ်း၊ ရွှေတောင်ကြား၊ ဗဟန်း၊ ဖုန်း - ၅၂၇၂၂၇၊ ၅၂၇၆၅၆
- ၂/က၊ သမာဓိ ၄ လမ်း၊ ဆ/ခ ရပ်ကွက်၊ သဃ်န်းကျွန်း။ ဖုန်း - ၅၆၄၄၅၂

မင်းသစ္စာလှိုင် (ကဒ္ဒံကဒ္ဒီ)

ထွက်ပြီ

မြန်မာ့ရိုးရာ ပညာရွှေတောင် ၀၁–၂၄၀၆၉၀

ရွှေလသာချိန်နှင့်အဏ္ဏဝါဒေဝီအရုပ်တော်မုံ

● အသုဘအလောင်းစင်ပြင်ထားစဉ်ထူးဆန်းစွာပျောက်ဆုံးသွားခဲ့သောအသုဘ အလောင်းတစ်ခု။ ● ဆေးမှုန်များကိုဖြူးချလိုက်ရာ ဆေးမှုန်များမှာ ကြည့်နေရင်း တဖြည်းဖြည်း လောက်ကောင်လေးများဖြစ်သွားခဲ့သည့် ပယောဂဆရာတစ်ယောက် ၏ သမားဂုဏ်ပြသမှုများ။ ● သချိုင်းတွင် ဝိညာဉ်များကို ကတိပေးမိခဲ့သူတစ်ဦး၏ ချောက်ချားဖွယ် ဖြစ်ရပ်။ ● တစ်နေရာစီတွင် ရှိနေကြသော လူသုံးယောက်ကို သရဲတစ်ကောင်က တစ်ညတည်း တစ်ပြိုင်တည်း ခြောက်လှန့်ခဲ့သည့်ချောက်ချားဖွယ် ဖြစ်စဉ်ဖြစ်ရပ်များ။ ● ညဥ့်နက်သန်းခေါင် လူအများကိုခေါ်ဆောင်ပြီး အိမ်ရှေ့မှ လာလာခေါ်နေသော ဆံပင်ရှည်နှင့်အမျိုးသမီး။ ● အသတ်ခံခဲ့ရသောလူ၏ အလောင်းမှာ ခွေးသေတစ်ကောင် ဖြစ်သွားခဲ့သည့် စိတ်ဝင်စားဖွယ်ဖြစ်ရပ်။ စသည် စသည် စသည်ဖြင့် … စာအုပ်ဆိုင်တိုင်းတွင် ရပြီ။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မသန်းသန်းအေး ၁၃/ရစန(နိုင်)၀၀၈၂၃၉သည် မိဘ မောင်နှမများကို အရှက်ရအောင် ပြုမူခြင်း၊ စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်း ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို အကြိမ်ကြိမ် ကျူးလွန်ခြင်းတို့ကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်–ဒေါ်တင်ကြည်
၁၃/ရစန(နိုင်)၀၀၈၁၁၄
အမှတ် ၈၄၊ ချစ်ကြည်ရေးလမ်း၊
ဈေးတန်းရပ်၊ ရပ်စောက်မြို့။

SAYA-TONY

O.B.F Language School

အင်္ဂလိပ်စကားပြန်မောင်း ဘာသာပြန်ဆရာ(SHELL)

IELTS

- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course

အမှတ်(၉၁)၊ပထမထပ်၊ ဗိုလ်ဆွန်ပက်လမ်း(မောင်တော်လေးလမ်း)၊ အောက်ဘလောက်၊ပန်းဘဲတန်းမြို့နယ်။ ဖုန်း – ၂၅၀၃၄၀

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သား ဦးမျိုးတင့်(ISN–၄၂၂၅၅၁)သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ်အခါခါ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် အမွေစား၊ အမွေခံ သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေအပ်ပါသည်။

ဒေါ်ရင်မြင့် ၁၂/မဂဒ(နိုင်)၀၄၅၆၉၇။

အမွေပြတ်စွန့်လွှတ်ခြင်း

မမေကြည် ၁၄/ပတန(နိုင်) ၀၁၆၁၃၈သည် မိဘဆုံးမမှုကို မနာ ယူ သဖြင့် အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စ အဝဝကို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးစိန်ကြည်–ဒေါ်နု
ချောင်းကလေးအရှေ့စုကျေးရွာ။

Golden Hope

ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ငှားရန် ကားမျိုးစုံ အဆင်သင့်ရှိသည်။

ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

295556,703220, 4412519

သင့်သွေးဖြင့် အသက်ကယ်ပါ

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဗ/၁၅၁၅ ဟွန်ဒါဆီဗစ် ဆလွန်းယာဉ် လက်ဝယ်ရှိသူအမည် ဦးကျော်စိန်၊ မှတ်ပုံတင်အမှတ် ၁၂/ဥကတ (နိုင်)၀၄၀၉၃၄ က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန (အရှေ့ပိုင်းခရိုင်ရုံး)၊ ရန်ကုန်မြို့။

သင့်ကြောင့် မီးမလောင်ပါစေနှင့်

လှေလှော်သင်တန်းဆင်းပွဲနှင့် ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၇

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ရန်ကုန်လှေအသင်းက စီစဉ်ကျင်းပသော ပထမအကြိမ် ကယတ်နှင့်လှေလှော်သင်တန်း သင်တန်း ဆင်းပွဲနှင့် လှေပြိုင်ပွဲကို မေ ၅ ရက် နံနက် ၇ နာရီက ရန်ကုန်မြို့ အင်းလျား ကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် အဆောက်အအုံ၌ ကျင်းပသည်။

လှေပြိုင်ပွဲများတွင် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများနှင့် အကြီးတန်း၊ အငယ်တန်း ကယတ်လှေပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ဆုများပေးအပ်

ထို့နောက် ဆုပေးပွဲကိုဆက်လက် ကျင်းပရာ ရန်ကုန်လှေအသင်းဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင် သန်းထွန်း၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာသန်းတိုးနှင့် ဗိုလ်မှူးကြီးထွန်း ဦး(ငြိမ်း)တို့က ဆုရရှိသူများအား ဆု များကို အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဦးမောင် မောင်သန်းထွန်းက နိဂုံးချုပ် အမှာ စကားပြောကြားပြီး အခမ်းအနားကို နံနက် ၉ နာရီတွင် ရုပ်သိမ်းလိုက်သည်။

လှေပြိုင်ပွဲများတွင် အမျိုးသား Indoor Rowing ပြိုင်ပွဲတွင် ပထမ မောင်စည်သူထွန်း၊ဒုတိယမောင်ရန်မျိုး နောင်၊အမျိုးသမီး Indoor Rowing ပြိုင်ပွဲတွင် ပထမ မမိုးဦးမော်ထွန်း၊ ဒုတိယ မနှင်းဦးလွင်၊ အကြီးတန်း ကယတ်လှေပြိုင်ပွဲတွင်ပထမ မဟောသီ၊ ဒုတိယ မောင်ရဲထူးကျော်၊ အငယ်တန်း ကယတ်လှေပြိုင်ပွဲတွင်ပထမမောင်ဝသံ မော်ထွန်း၊ဒုတိယမောင်ဖုန်းမော်ထွန်းတို့ က အသီးသီးရရှိခဲ့ကြသည်။ **(အပေါ်ပုံ)**

ပါဝင်

ဧပြီ ၂၃ ရက်မှ မေ ၄ ရက်အထိ ကျင်းပခဲ့သော သင်တန်းကာလအတွင်း သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ရန်ကုန်လှေအသင်းမှ စနေ၊ တနင်္ဂနွေ ညနေပိုင်း လှေလှော် သင်တန်းများကို အပတ်စဉ် ညနေ ၄နာရီမှ ၆နာရီအထိ ဆက်လက်ကျင်းပ သွားမည်ဖြစ်ပြီး လာမည့် မေ ၂၆ ရက် တွင်လည်း မှတ်သုံးရာသီ လှေပြိုင်ပွဲကို စီစဉ်ကျင်းပသွားမည် ဖြစ်ကြောင်းသိရ သည်။

သင်တန်း၊ ပြိုင်ပွဲနှင့် ပတ်သက်၍ စိတ်ပါဝင်စားသူများ ဒေါက်တာ ဖုန်းဝင်း ဖုန်း ၀၉–၂၀–၀၅၅၉၉ နှင့် ဒေါ်ကေသီဦး ၀၁–၅၂၄၆၂၈ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရ သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အလှူရှင် ဦးခင်ဇော်–ဒေါ်ခင်ဆွေဦး၊ သမီး မဟေဝန်ဦး၊ သား မောင်ဝေယံ ဇော်ဦးမိသားစုတို့၏ ရဟန်း၊ ရှင် ၁၃၇ပါး အား ရဟန်းခံရှင်ပြုအလှူတော် မင်္ဂလာ အခမ်းအနားကို မေ၅ရက်က ပိဋကနိကာယ်စာသင်တိုက်တွင် ကျင်းပရာ အလှူရှင် ဦးခင်ဇော်–ဒေါ်ခင်ဆွေဦး၊ သမီး မဟေဝန်ဦး၊ သား မောင်ဝေယံ ဇော်ဦး မိသားစုတို့က ရဟန်းခံရှင်ပြု

အလှူတော်အတွက် ငွေကျပ်၇၂သိန်းကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)ဒေါက်တာမြင့်ကြည်ထံ ပေးအပ်လှူဒါန်းပြီးနောက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၄၀၀)

ရန်ကုန်မြို့ ၄၆ လမ်း၌ မီးလောင်

ရန်ကုန် မေ ၇

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၆ လမ်း တိုက်အမှတ်(၄၇/၄၉) ၅ လွှာနှင့် ၆ လွှာတို့၌ မေ ၇ ရက် ည ၇ နာရီခန့်တွင် မီးစတင်လောင်ကျွမ်းပြီး ၎င်းအခန်းမှ အခြားအခန်းသို့ မီးကူးစက်လောင်ကျွမ်းမှုမရှိဘဲ ည ၈ နာရီခန့် တွင် မီးငြိမ်းသွားခဲ့သည်။

မီးစတင်လောင်ကျွမ်းလျှင်လောင်ကျွမ်းချင်း တာဝန်ရှိသူများ၊ မြန်မာ နိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ကားများရောက်ရှိပြီး ဝိုင်းဝန်း၍ မီးငြှိမ်း သတ်ခဲ့သဖြင့် အချိန်မီ မီးငြိမ်းသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကူးစက်လောင်

မီးစတင်လောင်ကျွမ်းရသည့် အကြောင်းရင်းမှာ ခြင်ဆေးခွေထွန်းထား ရာမှတစ်ဆင့် အိမ်မှာလူမရှိခိုက် အခြားသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် ကဆုန်လပြည့်ကျော်ရရက် (ဥပုသ်နေ့)
၈–၅–၂၀၀၇ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ကဗျာပန်းဥယျာဉ်
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၂၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ အထူးပြု) [စီးပွားရေးပညာ]
၁၆:၄၀	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၀၅	၅။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၁၅	၆။	**နင်းကြည့်စမ်းပါ** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၂၀	၇။	ကမ္ဘာ့ကြက်ခြေနီနေ့တေးများ
၁၇:၃၀	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၅၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သစ္စာ ဘဝပင်ခြားသော်လည်း** (အပိုင်း–၁၇)
၁၉:၅၀	၁၃။	ပူဇော်ကန်တော့ဆင်ယင် သက်ကြီးသဘင် (ပထမအကြိမ် သဘင် သက်ကြီးပူဇော်ပွဲ)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း–၈)
	၁၈။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာ ဘာဝနာပွားများခြင်းတရားတော်

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ကန်တပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်တပ်မှ ပစ်သတ်

ကဘူးလ် မေ ၇

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ ဆင်ခြေဖုံးအရှေ့ပိုင်းရှိ လုံခြုံရေး တင်းကျပ်စွာချထားသော ပူလ်အီချာခီ အကျဉ်းစခန်း၌ အာဖဂန်တပ်ဖွဲ့ဝင် များက အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဒဏ်ရာရရှိ

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များသည် မေ ၆ ရက်က ၎င်းအကျဉ်း စခန်းမှ ကားဖြင့်ထွက်ခွာ၍ အခြားအာဖဂန်တပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပစ်ခတ်မှုကြောင့် အခြားအမေရိကန်နှစ်ဦး လည်း ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ရာမာဒီမြို့၌ ကားဗုံးနှစ်လုံးပေါက်ကွဲ၊ လူ၂၄ဦးသေဆုံး

ရာမာဒီ မေ ၇

ဘဂ္ဂဒက်အနောက်ဘက် ရာမာဒီမြို့အနီး မေ ၇ ရက်က အသေခံကား ဗုံးနှစ်လုံးဖောက်ခွဲတိုက်ခိုက်ရာ အနည်းဆုံးလူ ၂၄ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ပထမ ကားဗုံးဖောက်တိုက်ခိုက်မှုမှာ ရာမာဒီမြို့အရှေ့ဘက် အယ်လ်ဘူ သီရက်ရှိ လူစည်ကားသောဈေး၌ဖြစ်ရာ အနည်းဆုံး ၁၅ ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိသွားကြောင်း။

ဒုတိယ ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုမှာ အယ်လ်ဂျာဇီးယာမြို့ ရဲစစ်ဆေးရေးဂိတ်၌ဖြစ်ပြီး လူ ၁၀ ဦး သေဆုံးသွားကြောင်း အင်တာနက် သတင်းတွင် ဖော်ပြသည်။

မိတ်ဆွေကို ရန်သူမဖြစ်စေလို

"ကိုအေးမင်းရေ အကူအညီပေးပါဦးဗျာ" မီးသတ်ဦးစီးအရာရှိ ဦးကိုကိုကြီးက ရောက်ရောက်ချင်း ဆိုင်ကယ်ပေါ်မှ လှမ်းပြောသဖြင့် "ဘာကူညီရမှာတုန်း ဦးကိုကိုကြီးရ"ဟု ကျွန်တော်ပြန်မေးလိုက်သည်။ "ရန်ကင်းအထကမှာ မီးဘေးလုံခြုံရေးအတွက် သရုပ်ပြမလို့ပါ"ဟု ပြန်ဖြေသည်။ ကျွန်တော်ချက်ချင်း သဘောပေါက်လိုက်သည်။ ကျွန်တော်က တောင်ဥက္ကလာ ဘေလီတံတားထိပ်တွင် ဂက်စ်မီးဖိုနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့် ဆိုင်ကလေးတစ်ဆိုင် ဖွင့်လှစ်ထားပါသည်။ ဂက်စ်(ရေနံဓာတ်ငွေ့ရည်)နှင့် ပတ်သက်သည့် ကိစ္စတော်တော်များများကို ဦးကိုကိုကြီးနှင့် စကားလက်ဆုံကျဖူးသည်။ ဂက်စ် (ရေနံဓာတ်ငွေ့ရည်)ကို အတော်တွင်ကျယ်စွာ လူသုံးများလာသည့်အတွက် ဆောင်ရန်နှင့် ရှောင်ရန်များကို သတိပြုလိုက်နာမှုမရှိလျှင် အန္တရာယ်ကြီးမားနိုင်ကြောင်း ဆွေးနွေးကြဖူးသည်။

ဦးကိုကိုကြီးအား သရုပ်ပြပွဲတွင် အသုံးပြုမည့် ပစ္စည်းများအပြင် ရေနံဓာတ်ငွေ့ရည် သုံးစွဲသည့်အခါ ဖြစ်တတ်သည့် မီးဘေးအန္တရာယ်များနှင့် ဖြစ်လာလျှင် လုပ်ဆောင်ရမည့်အချက်များ၊ ကြိုတင်ကာကွယ် ပြုလုပ်ပုံများကို ညှိနှိုင်းကူညီလိုက်သည်။

ဦးကိုကိုကြီး ပြန်သွားပြီးနောက် အတွေးနယ်ချဲ့မိပါသည်။ ပွင့်လင်းရာသီရောက်လာပြီး အပူရှိန်မြင့်လာသဖြင့် မီးဘေးလုံခြုံရေးအတွက် သတိရှိကြဖို့ လိုပါသည်။ ကျောင်းသူ ကျောင်းသား ကလေးငယ်များအပြင် အဓိက အိမ်ရှင်မများကိုပါ အသိပညာဝေပေးနိုင်လျှင် ကောင်းလေစွဟု ဆန္ဒဖြစ်မိသည်။ ဖြစ်နိုင်သည့် နည်းလမ်းများထဲတွင် မီဒီယာများမှ တစ်ဆင့်ပြောပြခြင်းက အသိမြန်ပေလိမ့်မည်ဟု အတွေးပေါက်သဖြင့် ဤစာကို ရေးမိခြင်းဖြစ်ပါသည်။

ယခုအခါ ဂက်စ်မီးဖိုသုံးစွဲသူများပြားလာသည်။ အချို့က သုံးသာသုံးနေသော်လည်း ဂက်စ်၏အကြောင်း နားမလည်ကြ။ ဂက်စ်မီးဖိုသုံးစွဲပြီး ပေါ့ဆလျှင် အန္တရာယ်ရှိကြောင်းတော့ သိသည်။ ဘယ်လို အန္တရာယ်ဖြစ်နိုင်သည်။ ဘယ်လိုသုံးစွဲရမည်၊ ဘယ်လိုကာကွယ်ရမည်ကို သေချာမသိကြ။

ဂက်စ်မီးဖိုကို သုံးစွဲသည့်အတွက် အခြားလျှပ်စစ်မီးဖို၊ မီးသွေး၊ ထင်းမီးဖိုများထက် အဆင့်မြင့်သည်၊ သန့်ရှင်းသပ်ရပ်သည်၊ အချိန်ကုန်သက်သာသည်။ နိုင်ငံတော်အတွက်လည်း လျှပ်စစ်ဓာတ်အား ချွေတာသည်၊ သစ်တောပြုန်းတီးမှုနည်းလာနိုင်သည့်အတွက် အကျိုးရှိလှသည်။ ရေနံဓာတ်ငွေ့ရည်နှင့် ပတ်သက်၍ သိကောင်းစရာများကို တင်ပြလိုပါသည်။

စွမ်းအင်ဝန်ကြီးဌာန ရေနံဓာတုလုပ်ငန်းမှ ရေနံဓာတ်ငွေ့ရည် (L.P.G)များကို လစဉ်၊ လတိုင်း ရောင်းချပေးနေပါသည်။ ရောင်းချပေးသည့် ဓာတ်ငွေ့ရည်မှာ နှစ်မျိုးရှိသည်။ ပရိုပိန်းဓာတ်ငွေ့ရည်(C_3)နှင့် ဗျူတိန်းဓာတ်ငွေ့ရည်(C_4)တို့ ဖြစ်သည်။ အရပ်အခေါ်အားဖြင့် ပရိုပိန်းဓာတ်ငွေ့ရည်ကို ဆီပြင်းဟုလည်းကောင်း၊ ဗျူတိန်းဓာတ်ငွေ့ရည်ကို အိမ်သုံးဟုလည်းကောင်း ခေါ်သည်။ ပရိုပိန်းဓာတ်ငွေ့ရည်ကို စက်ရုံ၊ အလုပ်ရုံများ၊ ဌာနဆိုင်ရာများနှင့် ဟိုတယ်ကြီးများအတွက်(50 kg) အိုးများဖြင့် ရောင်းချပေးပြီး ဗျူတိန်းဓာတ်ငွေ့ရည်ကို အိမ်သုံးအဖြစ် (25 kg)အိုးများဖြင့် ရောင်းချပေးပါသည်။

မီးဖိုသုံးဂက်စ်မှာ အရည်(L.P.G)ဖြစ်ပြီး မော်တော်ယာဉ်သုံးမှာ အငွေ့(C.N.G)ဖြစ်သည်။ ဓာတ်ငွေ့ရည်အိုးများတွင် (Propane) အိုးကြီးများကို အဝါရောင်ခါးပတ်ဖြင့်လည်းကောင်း၊ (Butane)အိုးများကို အပြာရောင်ခါးပတ်ဖြင့်လည်းကောင်း မှတ်သားထားသည်။ (L.P.G) ရေနံဓာတ်ငွေ့ရည်သည် သာမန်အပူချိန်နှင့် လေဖိအားတွင် အရည်အဖြစ်မဟုတ်ဘဲ အငွေ့အဖြစ်သာ တည်ရှိသည်။ ဖိအားအောက်တွင်သာ အရည်အဖြစ်ရှိပြီး အရည်မှအငွေ့အဖြစ် ကူးပြောင်းသည့်အခါ အဆပေါင်း ၂၇၀အထိ ကျယ်ပြန့်သည်။ ဓာတ်ငွေ့သည် လေထက် ၁ ဒသမ ၅ ဆမှ ၂ ဒသမ ၀ ဆအထိ လေးသဖြင့် နိမ့်သော၊ လေလုံသော ကြမ်းပြင်တွင် ခိုအောင်းနေတတ်သည်။ ဓာတ်ငွေ့ရည်အငွေ့အများအပြား ရှူရှိုက်မိပါက မူးမေ့စေနိုင်ပြီး ဓာတ်ငွေ့ရည် ခန္ဓာကိုယ်အစိတ်အပိုင်းများပေါ်သို့ ကျရောက်မိပါက အအေးလွန်ကဲစွာဖြစ်ပေါ်မှုကြောင့် နှင်းကိုက်ဝေဒနာမျိုး ခံစားရတတ်သည်။

ဓာတ်ငွေ့ရည်အိုး သုံးစွဲရာတွင် အောက်ပါအချက်များကို အထူးသတိပြုရန် လိုအပ်ပါသည်–

- ဓာတ်ငွေ့ရည်အိုးများကို သုံးစွဲချိန်တွင် ထောင်လျက် အနေအထား အတိုင်းသာ ထားရှိရမည်။
- ဓာတ်ငွေ့ရည်အိုးအား ထိခိုက်မှုကင်းဝေးသောနေရာ၊ ခြောက်သွေ့၍ ညီညာသော မျက်နှာပြင်နေရာတွင်ထားရှိပြီးရေဝပ်သော၊ ရေစိုသောနေရာများနှင့် နေအပူရှိန် တိုက်ရိုက်ထိတွေ့သော နေရာများတွင် မထားရပါ။ ဓာတ်ငွေ့ရည်အိုးနှင့် မီးဖိုအား အနည်းဆုံး ခြောက်ပေ အကွာအဝေးတွင် ထားရှိရမည်။

အေးမင်း

- ရေနံဓာတ်ငွေ့ရည်အိုးတွင် တပ်ဆင်အသုံးပြုသည့် ဖိအားထိန်းကိရိယာ(Regulator)ကို ပြုပြင်ခြင်း လုံးဝ မပြုလုပ်ရပါ။ လိုအပ်ပါက ကျွမ်းကျင်သူများထံတွင် စစ်ဆေးပါ။
- ဓာတ်ငွေ့ရည်အိုးဗားနှင့် ဖိအားထိန်းကိုပါ (Regulator)တွင် ရှိသော ဝက်အူရစ်များသည် ဘယ်ရစ်များဖြစ်သဖြင့် ဓာတ်ငွေ့၊ ဓာတ်ငွေ့အိုးသစ် လဲလှယ်သည့်အခါ သာမန် ညာရစ်အထင်ဖြင့် ဖြုတ်လိုက်မိပါက ပျက်စီးနိုင်သည်။
- ရေနံဓာတ်ငွေ့အိုးဗားအား နာရီလက်တံအတိုင်းလှည့်ပါက ပိတ်၍ နာရီလက်တံဆန့်ကျင်ဘက်အတိုင်း လှည့်ပါက ပွင့်သည်။ မီးဖိုရှိ ခလုတ်သည် မီးဖိုလက်ကိုင်နှင့် ဒီဂရီ ၉၀ထားပါက ပိတ်ပြီး မီးဖိုလက်ကိုင်နှင့် အပြိုင်ထားပါက ပွင့်သည်။
- ရေနံဓာတ်ငွေ့ရည်နှင့် မီးဖိုဆက်သွယ်ထားသည့် ရော်ဘာပိုက်များတွင် ကလစ်ဖြင့် သေချာစွာ ခိုင်မြဲအောင် တပ်ဆင်ရမည်။ ကလစ်နှင့်ပိုက်များကို အမြဲစစ်ဆေးပြီးမှ အိုးဗားကိုဖွင့်၍ အသုံးပြု ရမည်။
- မီးဖိုများကို သစ်သားစားပွဲပေါ်တွင် တိုက်ရိုက်တင်၍ အသုံးမပြုဘဲ မီးခံပြား(သို့) သံပြားတို့ကို အောက်မှခံထား၍ အသုံးပြုသင့်သည်။
- မီးဖိုခန်းကို လေဝင် လေထွက်ကောင်းအောင် ထားသင့်သည်။ တံခါးများကို ဖွင့်ပြီးမှ စတင်အသုံးပြုသင့်သည်။
- မီးလောင်လွယ်သည့် စက္ကူပုံး၊ သစ်သားပုံးများနှင့် ပစ္စည်းအတိုအထွာများကို မီးဖိုခန်းတွင် မထားရပါ။
- လေတိုက်လွန်းသည့်အချိန် ဓာတ်ငွေ့မီးဖိုအသုံးပြုပါက မီးငြိမ်းသွားပြီးနောက် ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်နေသဖြင့် ခလုတ်ပြန်ပိတ်ရန် သတိပြုရမည်။
- မီးဖိုကို သုံးချိန်တွင် ဓာတ်ငွေ့ထွက်ပေါက်ကလေးများအားလုံး မီးတောက်နေရမည်။ မီးမတောက်သည့် အပေါက်ကလေးများသည် ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်နေသည်။
- ချက်ပြုတ်ပြီးစီး၍ မီးပိတ်လိုသည့်အခါ ရှေးဦးစွာ ဓာတ်ငွေ့အိုး၏ ဗားကိုပိတ်၍ ပိုက်အတွင်းရှိ ဓာတ်ငွေ့များကုန်စင်အောင် မီးလောင်ပြီးသည်အထိ စောင့်ပါ။ ဓာတ်ငွေ့ကုန်၍ အလိုအလျောက် မီးငြိမ်းသွားသည့်အခါမှသာ ဓာတ်ငွေ့မီးဖိုရှိ ဗားကို ပိတ်ပါ။
- မီးဖိုခန်းရှိ လျှပ်စစ်မီးခလုတ်များမှ (Spark) ဖြစ်နိုင်သဖြင့် အရည်အသွေးကောင်းမွန်သော လျှပ်စစ်မီးခလုတ်များသာ တပ်ဆင်သင့်ပါသည်။
- မီးဖို၏မျက်နှာပြင်နှင့် အမိုး (သို့)မျက်နှာကြက်၏အကွာအဝေးသည် အနည်းဆုံး(၃ပေ/၁မီတာ)ကျော် ကွာဝေးရမည်။ မီးဖို၏ အနောက်ဘက်နှင့် ဘေးဘက်တို့တွင် နံရံ(သို့)အကာရှိနေပါက အနည်းဆုံး ခြောက်လက်မခန့် ခွာ၍ထားပြီး လေဝင်လေထွက် ကောင်းမွန်သော နေရာဖြစ်ရမည်။
- မီးဖိုပေါ်မှနေ၍ အဝတ်လှန်းခြင်း၊ အခြောက်ခံခြင်း မပြုလုပ်ရပါ။ မီးဖိုအနီးတွင် ရေနံဆီ၊ ဓာတ်ဆီ၊ အရက်ပုလင်း၊ အရက်ပျံ စသည်တို့ကို မထားရပါ။
- မီးဖိုအထက်တွင် ပစ္စည်းတင်သည့်စင်များရှိပါက အလွယ်တကူ ပြုတ်ကျနိုင်သော ပစ္စည်းများကို တင်မထားရပါ။
- ဂက်စ်ပိုက်အား(၆/၇)ပေခန့်ထား၍ အသုံးပြုသင့်သည်။ သီးသန့်ထုတ်လုပ်ထားသော ဂက်စ်ပိုက်ကိုသာ အသုံးပြုသင့်သည်။ လိုအပ်သည်ထက် ပိုမိုရှည်လျားစွာ အသုံးမပြုသင့်ပါ။ (ဂက်စ်များ ခိုအောင်း၍ ယိုစိမ့်နိုင်ပါသည်။) ဂက်စ်ပိုက်အား အိုးနှင့်မီးဖိုသည် ဖိမိမနေစေရန် ဂရုပြုပါ။
- ဖိအားထိန်းကိရိယာအား လုံခြုံရေးစနစ်ပါသော ကိရိယာ(Safety Regulator)ကို အသုံးပြုသင့်သည်။ (Safety Regulator)သည် ပိုက်ပေါက်လျှင်သော်လည်းကောင်း၊ ပိုက်ပြုတ်လျှင်သော်လည်းကောင်း၊ ဂက်စ်ထွက်ရှိမှုကို အလိုအလျောက် ရပ်တန့်စေသည်။ အိုးဗားဖွင့်လျှင်လည်း ဂက်စ် မထွက်ပါ။
- မီးဖိုအနီးတွင် ဆေးလိပ်သောက်တတ်သူ၊ မီးခြစ်သုံးသူများ မရှိစေသင့်ပါ။
- မီးဖိုနှင့်အိုးများအား ကလေးများ ဆော့ကစားခြင်း မပြုလုပ်မိရန် ဂရုစိုက်ပါ။
- ချက်ပြုတ်သော အိုးတစ်လုံးထဲကို သီးခြားမီးဖိုနှစ်ခုဖြင့် တစ်ပြိုင်နက် တွဲ၍မသုံးရပါ။
- မီးဖိုကို အမြဲသန့်ရှင်းထား၍ မီးသတ်ဆေးဘူး(အမှုန့်) ဆောင်ထားသင့်သည်။

မီးလောင်မှုဖြစ်ပါက ဆောင်ရွက်ရန်အချက်များ

မီးမတော်တဆမှုဖြစ်လျှင် ကြောက်လန့်အားကြီးခြင်း၊ ပျာယာခတ်ခြင်းများ မဖြစ်စေဘဲ အောက်ပါအတိုင်း သတိရှိစွာ ဆောင်ရွက်ကြရန် ဖြစ်ပါသည်–

- **ဓာတ်ငွေ့ရည် အိုးဗားကို ဦးစွာပိတ်ပါ။**
- **အိုးဗားမလုံမှုကြောင့် ဆက်လောင်နေလျှင် ဂက်စ်မထွက်စေရန် ရော်ဘာပိုက်ကို ခေါက်ချိုး၍ ညှစ်ထားပါ။**
- **ဓာတ်ငွေ့ရည်အိုးကို ရေမပြတ်လောင်း၍ အေးအောင်ပြုလုပ်ပါ။ (မီးတောက်အား ရေလောင်းရန်မလိုပါ)**
- **အထက်ပါအတိုင်း လုပ်ဆောင်ရန် အခက်အခဲရှိပါက ABCD Type Dry Chemical မီးသတ်ဆေးဘူးကို အသုံးပြု၍ မီးငြိမ်းသတ်ပါ။**

ဓာတ်ငွေ့ရည် မီးဖိုများတွင် အပြာရောင် မီးတောက်ရှိပါသည်။ မီးတောက်သည့်အခါ အဝါရောင်များ ဖြစ်နေလျှင်၊ သာမန်ထက်ပို၍ ဂက်စ်အနံ့ထွက်နေလျှင် စစ်ဆေးရန်၊ ပြုပြင်ရန် လိုအပ်နေပါပြီ။ချက်ချင်း ပြုပြင်ရန် အခက်အခဲရှိပါက လုံခြုံရေးသတိပြုဂရုစိုက်သုံးစွဲသင့်သည်။ ၎င်းပြင် အိုးဗား၊ ဖိအားထိန်းကိရိယာ(Regulator)၊ ကလစ်များ၊ ပိုက်များကို ဆပ်ပြာမြှုပ်ဖြင့်သုတ်၍ စစ်ဆေးပါ။ လေပူဖောင်းကလေးများ ဖြစ်ပေါ်ပြီး ပေါက်ကွဲနေသည့် နေရာရှိပါက ဂက်စ်ယိုစိမ့်မှု ဖြစ်နေပါသည်။ ဆက်လက် အသုံးမပြုသင့်တော့ပါ။

ရေနံဓာတ်ငွေ့ရည် မီးဖိုများသည် အခြားသောရေနံဆီ၊ ဒီဇယ်ဆီ၊ ထင်း၊ မီးသွေးမီးဖိုများထက် ကရိကထ နည်းခြင်း၊ အချိန်သက်သာခြင်း၊ ချက်ပြုတ်သောအိုးများ သန့်ရှင်းမှုရှိခြင်း၊ မီးဖိုချောင်၏ ပတ်ဝန်းကျင် ညစ်ပတ်ပေရေမှုမရှိခြင်း၊ မီးခိုးမှိုင်းမထွက်သဖြင့် လေညစ်ညမ်းမှုမရှိခြင်း၊ မီးသွေး၊ ထင်းထက် ထားသုံးရန် ဝန်ကျဉ်းခြင်း၊ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ခြင်း အစရှိသော အကျိုးများ ရရှိမည်ဖြစ်သည်။ သို့သော် ပေါ့ပေါ့ဆဆ အသုံးပြုပါက မလိုလားအပ်သော အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ဓာတ်ငွေ့ရည်သုံး မီးဖိုများသည် ဂရုစိုက်သုံးလျှင် အားကိုးရသော မိတ်ဆွေဖြစ်ပြီး ပေါ့ပေါ့ဆဆသုံးလျှင် ရက်စက်ကြမ်းတမ်းသော ရန်သူဖြစ်သွားနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်တို့ ဧပြီ၉ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပုံပါကျင်မြို့ ပဒုမ္မာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးသက်ခိုင်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေဦးမြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးတို့ မတ် ၂၅ရက်က ရေဦးမြို့မ စည်ပင်သာယာဈေးအတွင်း မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ကား ရေစုပ်စက်များဖြင့် မီးငြိမ်းသတ် ဓာတ်တိုက်လေ့ကျင့်မှုများကို ကြီးကြပ်ဆောင်ရွက်စဉ်။ (၃၇၈)

ရေစကြိုမြို့ မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန် ရောင်းချနေကြသော စားသောက်ဆိုင်များတွင် မီးသုံးစွဲမှုများ စနစ်ကျစွာ သုံးစွဲမှု ပြုကြရေးအတွက် ဧပြီ ၃ရက်က မြို့မဈေးတာဝန်ခံ ဦးတင်ဝင်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်အောင်မိုးနှင့် တပ်ဖွဲ့ဝင်များ တစ်ဆိုင်ချင်း ဝင်ထွက်၍ လိုက်လံ စစ်ဆေးကြစဉ်။ (၂၅၁)

တံခွန်တိုင်တံတားမှ ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာနှင့် ကျောက်လွှာခင်း ယာဉ်ယန္တရားများ အကျိုးရှိရှိအသုံးပြုရေး၊ အလေအလွင့်နည်းပါးရေး ဆောင်ရွက်

မန္တလေး မေ ၃

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၆ရက် နံနက် ၉နာရီခွဲက ရန်ကုန်-မန္တလေးကားလမ်းမကြီး တံခွန်တိုင်တံတားမှ စက်မှုဇုန်(၂) ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းနှင့် အခြေခံကျောက်လွှာခင်းခြင်း လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

မြို့တော်ဝန်အား လမ်းတံတားဌာနမှ အင်ဂျင်နီယာ ဒေါ်ဥမ္မာကျော်က တံခွန်တိုင်တံတားမှ စက်မှုဇုန်(၂)ကနောင်မင်းသားကြီးလမ်းအထိ မိမိတို့လုပ်ငန်းအပိုင်းအလိုက် နိုင်လွန်ကတ္တရာခင်း ပြီးစီးမှုအခြေအနေနှင့် လမ်းသားခိုင်မာကောင်းမွန်ရေးအတွက် အခြေခံကျောက်လွှာခင်း ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

မြို့တော်ဝန်က လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး မိမိတာဝန်ယူဆောင်ရွက်သော လုပ်ငန်းအပိုင်းများအလိုက် အကောင်းဆုံးဖြစ်ရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ချိန်အမီပြီးစီးရေးနှင့် ယာဉ်ယန္တရားများအား အကျိုးရှိရှိအသုံးပြုရေး၊ အလေအလွင့် နည်းပါးရေးတို့အတွက် တာဝန်ကျအင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်သည် ရတနာပုံတက္ကသိုလ်အဝင်လမ်း ၁၈ ပေ အကျယ်အား ၁၂ ပေ ထပ်မံတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း၊ တောင်သမန်ကန်ပတ်လမ်း မြောက်ဘက်ခြမ်း သာယာလှပရေးလုပ်ငန်းများနှင့် ကန်တော်ကြီးဒေသသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ နယ်မြေစိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(၁၃၃)**

သီပေါ၌ နွေရာသီအသုံးလုံးကျေသင်တန်းဖွင့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များရှင်းလင်း

သီပေါ မေ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် နွေရာသီအသုံးလုံးကျေသင်တန်းဖွင့်လှစ်သင်ကြားရေးအစီအစဉ်အရ အသုံးလုံးကျေသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက် မွန်းလွဲ ၁နာရီက ရွှေကျောင်းရပ်ကွက် မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းက နွေရာသီအသုံးလုံးကျေသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်မှန်းချက်နှင့်ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

တတ်မြောက်

အဆိုပါ အသုံးလုံးကျေသင်တန်း ဖွင့်လှစ်ရာတွင် ကျေးရွာအုပ်စုပေါင်း ၅၀ တွင် စာသင်ဝိုင်း ၅၀ ဖြင့်လည်းကောင်း၊ ကျေးရွာအုပ်စုတစ်အုပ်စုလျှင် စာသင်သား ၇၃၈ဦးဖြင့်လည်းကောင်း သင်တန်းသားပေါင်း ၃၆၉၀၀ တို့ကို ယခုနှစ်နွေရာသီ အသုံးလုံးကျေ သင်ကြားတတ်မြောက်စေမည် ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခရမ်းမြို့ ပေါက်ပင်ကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း-ဇနီးဒေါ်မြင့်မြင့်အေး မိသားစုနှင့် ကျေးရွာပြည်သူများ လှူဒါန်းသည့် ပေါက်ပင်ချောင်းကူး သံကူကွန်ကရစ်တံတားကို ဧပြီ ၃၀ ရက်က ဖွင့်လှစ်အပြီးတွေ့ရစဉ်။ (သတင်းစဉ်)

ယင်းမာပင်မြို့နယ် ရွှေတောင်ဦး ဆုတောင်းပြည့်ဘုရား ဓာတ်လှေကား တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်

မုံရွာ မေ ၂

မုံရွာခရိုင် ရဲတပ်ဖွဲ့ဝင်များက ယင်းမာပင်မြို့နယ် သမိုင်းဝင်ရွှေတောင်ဦး ဆုတောင်းပြည့် မြတ်စွာဘုရား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးနှင့် ဓာတ်လှေကား တည်ဆောက်ရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက် မွန်းတည့် ၁၂ နာရီက မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်မြ၊ ယာယီရဲမှူး မြင့်အောင်နှင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ ရွှေတောင်ဦး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးရွှေညွှန့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ယာယီရဲမှူးမြင့်အောင်က ရွှေတောင်ဦးဆုတောင်းပြည့် မြတ်စွာဘုရားတွင် ဓာတ်လှေကားတည်ဆောက်ရန်အတွက် ဒုတိယအကြိမ် လှူဒါန်းငွေကျပ် ၄၀၄၈၀၀ကို ပေးအပ်လှူဒါန်းရာ ရွှေတောင်ဦး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးရွှေညွှန့်က လက်ခံရယူပြီး **(အောက်ပုံ)** အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း မော်လိုက်၌ဖွင့်

မော်လိုက် ဧပြီ ၂၀

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စာကြည့်တိုက်မှူးများ ပြုစုပျိုးထောင်ရေး စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၈ရက် နံနက် ၁၀ နာရီက မော်လိုက်မြို့နယ် ကြာအင်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပရာ ကြာအင်းစံပြကျေးရွာဥက္ကဋ္ဌ ဦးကျော်အေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးညွန့်ဝေက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြီး စာကြည့်တိုက်ပညာသင်တန်း သင်ခန်းစာများကို ဆက်လက်ပို့ချရာ အဆိုပါ သင်တန်းသို့ ကြာအင်းတိုက်နယ် ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၀ တို့ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပုန်းထွန်ရပ်ကွက် စဝ်စံထွန်းလမ်းဘေးဝဲယာ ရေနုတ်မြောင်းဆောင်ရွက်ခြင်းနှင့် ပလက်ဖောင်းများ ပြုလုပ်ခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်မာလာဦး ခေါင်းဆောင်သော ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် တာဝန်ခံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးစိုင်းလောဝ်ခမ်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညောင်ရွှေမြို့၌ လပတ်လုပ်ငန်း ညှိနှိုင်းစည်းဝေး

ညောင်ရွှေ ဧပြီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမတွင် ဧပြီ ၄ ရက် နံနက် ၉ နာရီက လပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းက အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **(ဝ၂၇)**

ပစ္စည်းဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း လက်အောက်ရှိ စက်ရုံများအတွက် ယှဉ်တွဲဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်
1.	Concrete Test Hammer	(2) Set	11.5.2007
2.	35 KVA Generator	(1) Set	11.5.2007
3.	(a) Water Proofing Agent	40 Ton	25.5.2007
	(b) Rubber Water Stopper	2000 M	
	(c) Binding Wire (18 G)	50 Ton	
4.	(a) 300 KVA (6.6/0.4 KV) Transformer	2 Unit	18.5.2007
	(b) 50 KVA step up transformer	2 Unit	
	(c) 60 KVA step up transformer	1 Unit	

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်တွင် ရုံးချိန်အတွင်း ဆက်သွယ်ပြီး တင်ဒါပုံစံများကို လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။ အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်း အမှတ်-၀၁-၅၆၀၆၈၄၊ ၀၆၇-၄၀၈၁၄၆။

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

သင့်အတွက် မင်းသိခ် ထွက်ပြီ

ဘဝတစ်သက်တာ မရမ်းတလင်း ယတြာ

တာမှုခွင့်ပြုချက် - ၄၀၀၄၇၂၀၄၀၇

မျက်ပွင့်စာပေ ဖုန်း-၇၀၀၅၇၉ မရမ်းတလင်းစာပေ ဖုန်း-၅၄၃၂၉၃

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၆၇၅၄ ဂျစ်အမျိုးအစားအား စစ်တွေ၊ ပြည်တော်သာရပ်ကွက်နေ ဦးအောင်ထွန်း ၁၂/မရက(နိုင်) ၁၂၁၃၉၀က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)။

မီး သတိပြု

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၁၁၄၇၃၊ HONAN 125 ဆိုင်ကယ်လက်ဝယ်ရှိသူ ဒေါ်အေးအေးငြိမ်း ၅/ရဥန(နိုင်)၁၀၆၆၅၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနားမြို့)။**

ခမောက်ကြီးမြို့နယ်၌ ယဉ်ကျေးမှုသင်တန်းဖွင့်

ကော့သောင်း မေ ၂

ကော့သောင်းခရိုင် ခမောက်ကြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ နွေရာသီ ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက တိလောကာရုံပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ခမောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အမှုဆောင်များ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် တိလောကာရုံပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသထံမှ သြဝါဒခံယူသည်။(**အပေါ်ပုံ**)

အဆိုပါသင်တန်းသို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေထီးဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ထီးချိုင့် ဧပြီ ၂၀

ကသာခရိုင် ထီးချိုင့်မြို့နယ် ရွှေထီးဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း လီမိတက် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၉ ရက်က မြို့နယ် သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်အသင်းအုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်သန်းက အဖွင့်အမှာစကားပြောကြားပြီး ထီးချိုင့်မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်က သမဝါယမအသင်းများ၏ ဆောင်ရွက်မှုများ၊ ငွေစုငွေချေး သမဝါယမအသင်း ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းအမှုဆောင် အစီရင်ခံစာကို အမှုဆောင်အဖွဲ့ဝင် ဦးစိန်သောင်းက ဖတ်ကြားတင်ပြပြီး ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်း ရှင်းတမ်းများကို စာရင်းစစ် ဦးနော်အေးက ဖတ်ကြား ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက် အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများကို ဦးထိပ်ထား၍ ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီးဦးကျော်မြင့်(ပန်းတနော်) (သတင်းစာဆရာ၊ စာရေးဆရာတင်နွယ်မောင်)၏ တစ်နှစ်ပြည့်အတွက် ရည်စူးပြီး ကျန်ရစ်သူဇနီးဒေါ်တင်နွယ်နှင့် သားသမီး၊မြေး၊ ညီအစ်ကိုမောင်နှမတစ်စု တိုက်၁၉ အခန်း၄ ရန်ကင်းလမ်းသွယ် ၁၆ အရှေ့ရန်ကင်းတို့က အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် (ပြည်တော်သာ) အရှင်စန္ဒန(ဓမ္မာစရိယ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဆောင်ရွက်ပြီးနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေး

မုံရွာ မေ ၃

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၄ ရက် နံနက် ၉နာရီက မုံရွာမြို့ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်နှင့် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေ့လုပ်ငန်းစဉ်

ရှေးဦးစွာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်က ဆောင်ရွက်ပြီး လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအကြောင်းကို ဆွေးနွေး တင်ပြသည်။

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်း၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များကရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း ဆွေးနွေးတင်ပြကြပြီး တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က တင်ပြချက်များအပေါ် ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် လမ်းမတော်မြို့နယ် အမှတ်(၃၅၄) အနော်ရထာလမ်းနေ ဦးဝင်းသိန်း-ဒေါ်တင်တင်လှ(ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး)မိသားစုက အလှူငွေကျပ် ၂၆၅၄၀၀၀ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဘဏ္ဍာရေးမှူးဦးလှသိန်းတို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ဧပြီ ၁၁ရက်က မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးဆောင်ရွက်သော ကျောက်တန်းရေစက်ရုံ ရေပိုက်လိုင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးစိန်သန်းငွေတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်

၉-၅-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မြန်မာနိုင်ငံတွင် စမ်းသပ်တော့မည့် ရေမြှုပ်ခံ စပါးမျိုးသစ်)

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ကျောက်မျက်ရတနာများ-ဒေါ်စောမုံညင်း)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ရေစီးတစ်ခါ ရေသာတစ်လှည့်-နီမာလာ)

၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) ပြောင်တသိန်(ပတ်ပျိုး) (သန္တာဉဏ်နု)
(၂) သာတင့်ဆုံး(ယိုးဒယား) (ကိုလေးမြင့်)
(၃) သောင်းရွှေလယ်(ယိုးဒယား) (မဥ္ဇူသင်း)

ညနေပိုင်း

၁၆:၁၀ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (ပဲခူးခရိုင်၊ ပျဉ်ပုံကြီး ဒေသထွက် လက်ဆောင် ငါးရံ့ခြောက်)

၁၇:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အချစ်များစွာဖြင့်သာ (ခင်ထွေးမော်)
(၂) ငြင်းပယ်မှာပဲစိုးမိတယ် (ကိုသန်းလှိုင်)
(၃) ချစ်တယ်ဆိုတဲ့ မောင့်စကားတစ်ခွန်း (ရီရီသန့်)

၁၇:၃၀ အစာနှင့် အာဟာရ(ဗီတာမင်ဘီဝမ်း ဓာတ်ကြွယ်ဝသော အစားအစာများ)

၁၇:၄၅ သူ့လက်သံ (ဆို၊က၊ရေး၊တီးဆုရ အစီအစဉ်) (ရခိုင်ပြည်နယ်မှ မောင်ဇေယျာလင်းရဲ့ စောင်းလက်သံ)

၁၈:၄၀ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) ပညာတတ်တာမင်္ဂလာပါ (အရှင်သံဝရာလင်္ကာရ-ဓမ္မပိယ ဆရာတော်
(၂) ဖြောင့်သောမြား(သို့မဟုတ်) ယောကျ်ားကောင်းဟူသည် (ဦးဝမ်ထိန်)

၁၉:၁၅ နှောင်းခေတ်ကြေးမုံ ဓာတ်လမ်းစုံ (ခံလိုက်ရလေတယ်)

၂၀:၃၀ မေတ္တာလက်ဆောင်ရ တေးစီးရီး (Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် နှလုံးသားတစ်ထောင့်မှာ)
- ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လွမ်းစရာအမုန်းသာ ချမ်းသာဆုံးပါ (ဂီတာဖေဝင်း)
(၂) ပိတောက်စိမ်း (ချိုပြုံး)
(၃) မေတ္တာဆိုတာ ခွင့်လွှတ်ခြင်း (ကိုတင်ဝင်း)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာပညာသင်တန်းဖွင့်

အသင်းဝင်များ ဒေသအသီးသီးရှိ လူထုနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသူများဖြစ်

နိုင်ငံ၏ပကတိတိုးတက်မှု ပြည်သူများသိရှိပြီး ဝိုင်းဝန်းပါဝင်လာရေး ဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံ သတင်းစာပညာ သင်တန်း အမှတ်စဉ်(၉)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အဖွင့်အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်ရေးသည် နိုင်ငံသားအားလုံး လိုချင်တောင့်တနေကြသည့် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ခရမ်းမြို့ မိုးရေချိန် စံချိန်သစ်တင်

နေပြည်တော် မေ ၇

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ခရမ်းမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၉၃ မီလီမီတာ ၇ ဒသမ ၆၀ လက်မသည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်အတွင်း မေလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၄၄ မီလီမီတာ ၅ ဒသမ ၆၇ လက်မ ဖြစ်ပြီး ၁၉၉၉ ခုနှစ် မေ ၃၁ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းနှင့် အားကစားအညွှန်း

မော်ရင်ဟိုနှင့် ချယ်လ်ဆီးတို့၏ အနာဂတ်

အနာဂတ်အတွက် စဉ်းစားနေရပြီဖြစ်သော ချယ်လ်ဆီးနည်းပြမော်ရင်ဟို။

ကမ္ဘာတစ်လွှား အားကစား (စာ-၁၃)

မြစ်ဖြတ်ကြိုးပေါ် လမ်းလျှောက်သူ

မြစ်ကိုဖြတ်ကာ သွယ်တန်းထားသော ကြိုးပေါ်တွင် ကျွမ်းကျင်စွာလမ်းလျှောက်ပြနေသူ တစ်ဦးကိုတွေ့ရစဉ်။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား (စာ-၁၀)

မိုးလေဝသ အခြေအနေ (၈-၅-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာ

ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ

မိတ္ထီလာမြို့နယ်မှ ပါတီဝင် ၂၀ စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၇

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော အောင်ဇေယျာကျေးရွာမှ ဦးဝင်းဇော်၊ နန်းတော်ကုန်းကျေးရွာမှ ဦးထွန်းထွန်းဦးနှင့် ဦးမြင့်လွင်၊ သီရိမင်္ဂလာကျေးရွာမှ ဒေါ်နုနုသန်းတို့အပါအဝင် ပါတီဝင် ၂၀ တို့သည် မတ် ၂၀ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မိတ္ထီလာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏လုပ်ရပ်များကို စိတ်ပျက်လာပြီး ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုခြင်းမရှိတော့ကြောင်း၊ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**